# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်

# ဆဋ္ဌမပုံမှန်အစည်းအဝေး

# ဆဋ္ဌမနေ့ မှတ်တမ်း



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း | ၁ |
| ၂ | ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း | ၁ |
| ၃ | အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း | ၂ |
| ၄ | ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း | ၃ |
| ၅ | ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်က ဖြေကြားခြင်း | ၃ |
| ၆ | ဘဏ်များအားလုံး တစ်ပြေးညီအခွင့်အရေးရှိသည့် e-banking စနစ်အား ကောင်းစေရန် ဆောင်ရွက် ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း | ၃ |
| ၇ | ပုဂ္ဂလိကဘဏ်နှင့်ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၏ ငွေဖြစ်လွယ်မှု(Liquidity)၊ မတည်ရင်းနှီးငွေ (Capital)၊ ငွေသားစီးထွက်မှု(Cash out flow)၊ ငွေသားစီးဝင်မှု(Cash in flow)များကို CBM ဗဟိုဘဏ်က စောင့်ကြည့်ကြီးကြပ်မှု၊ နိုင်ငံသားများ၏ စုဆောင်းငွေ၊ လွှဲပို့တဲ့ငွေများ ဆုံးရှုံးမှု မဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်ထားမှုများအခြေအနေနှင့် စပ်လျဉ်းသည့်မေးခွန်း | ၆ |
| ၈ | တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသုံးပြုခွင့်ပေးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မည်သည့်အချိန်တွင် မြေခွန်ကောက်ခံမည်နှင့် ကောက်ခံမည့် အစီအစဉ်များ မည်သို့ဆောင်ရွက်ထား သည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၉ |
| ၉ | လှည်းကူးမြို့နယ်၊ ပုတ်သင်ညိုကျေးရွာ သဘာဝအင်းကြီးသည် ပုဂ္ဂလိကပိုင်အဖြစ် ရောက်ရှိသွား ခြင်းအား ပြန်လည်စိစစ်ပေးပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၃ |
| ၁၀ | တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများတွင် တိရစ္ဆာန်မှတစ်ဆင့် လူကိုကူးစက်နိုင်သော ရောဂါများ စစ်ဆေးပေးနိုင်ခြင်းရှိ/မရှိနှင့် မည်သည့် ရောဂါများ စစ်ဆေးဆောင်ရွက်ပေးနေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း | ၁၇ |
| ၁၁ | အခြေခံလူတန်းစားများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝ အထောက်ကူပြုနိုင်သည်အထိ ငါးသယံဇာတ ရှားပါးနေသော အင်းအိုင်များသို့ ငါးမျိုးစိတ်စိုက်ထည့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း | ၂၀ |

| | | |
|---|---|---|
| ၁၂ | ဦးအောင်ခင်ဝင်း၊ မြိုင်မဲဆန္ဒနယ်က ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန် ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စု အစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း | ၂၂ |
| ၁၃ | ဦးအောင်ခင်ဝင်း၊ မြိုင်မဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း | ၂၆ |
| ၁၄ | အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း | ၂၇ |
| ၁၅ | ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမရက်မြောက်နေ့ ဆက်လက် ကျင်းပမည့် နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း | ၃၅ |

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး

## ဆဋ္ဌမနေ့ အစီအစဉ်

## [ ၂၇–၁၀–၂၀၁၇ ] (သောကြာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးမျိုးဇော်အောင်၊ ကောလင်း မဲဆန္ဒနယ်၏ **ဘဏ်များအားလုံး တစ်ပြေးညီအခွင့်အရေးရှိသည့် e-banking စနစ်အားကောင်းစေရန် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးခင်ချို၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်၏ **ပုဂ္ဂလိကဘဏ်နှင့် ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ၏ ငွေဖြစ်လွယ်မှု (Liquidity)၊ မတည်ရင်းနှီးငွေ (Capital)၊ ငွေသားစီးထွက်မှု (Cash out flow)၊ ငွေသားစီးဝင်မှု (Cash in flow) များကို CBM ဗဟိုဘဏ်က စောင့်ကြည့်ကြီးကြပ်မှု၊ နိုင်ငံသားများ၏ စုဆောင်းငွေ၊ လွှဲပို့ငွေများ ဆုံးရှုံးမှုမဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်ထားမှုများ အခြေအနေ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါ်ခင်စန္ဒီ၊ လောင်းလုံး မဲဆန္ဒနယ်၏ **တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသုံးပြုခွင့် ပေးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မည်သည့်အချိန်တွင် မြေခွန်ကောက်ခံမည်နှင့် ကောက်ခံမည့် အစီအစဉ်များ မည်သို့ ဆောင်ရွက်ထားသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးသိန်းတန်၊ လှည်းကူး မဲဆန္ဒနယ်၏ **လှည်းကူးမြို့နယ်၊ ပုတ်သင်ညို ကျေးရွာ သဘာဝအင်းကြီးသည် ပုဂ္ဂလိကပိုင်အဖြစ် ရောက်ရှိ သွားခြင်းအား ပြန်လည် စိစစ်ပေးပါရန်** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဒေါက်တာဦးမင်းသိန်း၊ ရေဦး မဲဆန္ဒနယ်၏ **တီရှူးဆွာန်ရောဂါ ရှာဖွေရေး ဓာတ်ခွဲခန်းများတွင် တီရှူးဆွာန်မှတစ်ဆင့် လူကို ကူးစက်နိုင်သော ရောဂါများ စစ်ဆေးပေးနိုင်ခြင်း ရှိ၊ မရှိနှင့် မည်သည့်ရောဂါများ စစ်ဆေးဆောင်ရွက်ပေးနေသည်ကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးလမာနော်အောင်၊ အင်ဂျန်းယန် မဲဆန္ဒနယ်၏ **အခြေခံလူတန်းစားများ နှင့် ကျေးလက်နေ ပြည်သူများ၏ လူမှုဘဝအထောက်အကူ ပြုနိုင်သည် အထိ ငါးသယံဇာတ ရှားပါးနေသော အင်းအိုင်များသို့ ငါးမျိုးစိတ် စိုက်ထည့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးအောင်ခင်ဝင်း၊ မြိုင် မဲဆန္ဒနယ်က **"ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ် ထုတ်ဝေရန် ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်း**

**ရပ်ပိုမျှားဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း၊

၇။ အဆိုကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **"လယ်ယာမြေ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း"** ကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း၊

၉။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး

## ဆဋ္ဌမနေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ တန်ဆောင်းမုန်းလဆန်း ၈ ရက်**

**(၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်)**

**(သောကြာနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို နံနက် ၁၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်

ကိုယ်စားလှယ် ၄၃၅ ဦးရှိတဲ့အနက် ၃၈၁ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၈၇.၅၉ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးသောင်းဌေးလင်း(အဖွဲ့ဝင်၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့သို့ မတက်ရောက်နိုင်ပါသဖြင့် ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များ၏ကိုယ်စား ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီအဖွဲ့ဝင် ကျွန်တော် ဦးသောင်းဌေးလင်း၊ ပုသိမ်ကြီးမဲဆန္ဒနယ်က ကိုယ်စားခွင့်ပန်ကြားသွားမှာဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်မှာ ယနေ့တက်ရောက်ခွင့်ရှိသော ကိုယ်စားလှယ် ၄၃၅ ဦးရှိပြီး တက်ရောက်သူကိုယ်စားလှယ် ၃၈၁ ဦးရှိကာ ယနေ့ခွင့်ပန်ကြားသူ ၁၂ ဦး ရှိပါတယ်။ ခွင့်ပန်ကြားသူများကတော့-

(၁) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးအောင်မျိုးထက် ခွင့် ၁ ရက်၊

(၂) မြောက်ဥက္ကလာပမဲဆန္ဒနယ်မှ ဒေါက်တာသန်းဝင်း ခွင့် ၁ ရက်၊

(၃) အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦး ခွင့် ၁ ရက်၊

(၄) ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း ခွင့် ၁ ရက်၊

(၅) သီပေါမဲဆန္ဒနယ်မှ ဦးစိုင်းသန့်စင် ခွင့် ၁ ရက်၊

(၆) စစ်တွေမဲဆန္ဒနယ်မှ ဦးမောင်သိန်းခိုင် ခွင့် ၁ ရက်၊

(၇) မြောင်းမြမဲဆန္ဒနယ်မှ ဒေါက်တာစိုးမိုးသူ ခွင့် ၁၂ ရက်၊

(၈) လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း ခွင့် ၁ ရက်၊

(၉) မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာသန်းအောင်စိုး ခွင့် ၁ ရက်၊

(၁၀) လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ဌေး ခွင့် ၁ ရက်၊

(၁၁) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးထွန်းထွန်းဝင်း ခွင့် ၁၆ ရက်နှင့်

(၁၂) ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေး ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယခင် ခွင့်ပန်ကြားသူ ၄၂ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၂ ဦး စုစုပေါင်း ခွင့်ပန်ကြားသူ ၅၄ ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် အထက်ပါ ကိုယ်စားလှယ်များ၏ ခွင့်ပန်ကြားမှုအား ခွင့်အဖြစ် ခွင့်ပြုပေးပါရန် လေးစားစွာဖြင့် ပန်ကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို မှတ်တမ်းတင်ခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၃၅ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၄၂ ဦး၊ ယနေ့ခွင့်ပြုထားသူ ၁၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူ စုစုပေါင်း ၅၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အတည်ပြုမှတ်တမ်းတင်ရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များအစည်းအဝေးတက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မေးခွန်းများ မေးမြန်းခြင်း ဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**ဘဏ်များအားလုံး တစ်ပြေးညီအခွင့်အရေးရှိသည့် e-banking စနစ်အားကောင်းစေရန် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကောလင်းမဲဆန္ဒနယ်မှ ဦးမျိုးဇော်အောင် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးမျိုးဇော်အောင်(ကောလင်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ကောလင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်အောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဘဏ်များအားလုံး တစ်ပြေးညီအခွင့်အရေးရှိသည့် e-banking စနစ်အားကောင်းစေရန် ဆောင်ရွက်ပေးရန်အစီအစဉ်ရှိ/မရှိ မေးမြန်းသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံရဲ့ ငွေရေးကြေးရေးကဏ္ဍကို ဘဏ်တွေက လွှမ်းမိုးထားပြီးတော့မှ မြန်မာ့ဘဏ်တွေဟာ အရှေ့တောင်အာရှမှာပင် ခေတ်အနောက်ကျဆုံးဘဏ်တွေဖြစ်တယ်လို့ GIZ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ဒီလိုရှေးဟောင်းစနစ်ကြီးကနေ ခေတ်မီပြောင်းလဲတဲ့

မူကြမ်း

နေရာမှာ ပုဂ္ဂလိကပါဝင်တဲ့ကဏ္ဍက ၂၁ ဘဏ်ဟာ ဦးဆောင်အခန်းကဏ္ဍမှာ ပါဝင်နေပါတယ်။ တချို့ ဘဏ်တွေဟာ ရပိုင်ခွင့်အသစ်ကလေးကို အရင်ရအောင်လုပ်ပြီးတော့မှ ဘဏ်တစ်ခုနှင့်တစ်ခု ပြိုင်ဆိုင်တဲ့ Tools အဖြစ်နဲ့ အသုံးပြုခဲ့ကြတာလည်း တွေ့ရပါတယ်။ e-banking ဆိုတာ Electronic Media ကို အသုံးပြုပြီးတော့မှ ဘဏ်စနစ်တည်ဆောက်တာဖြစ်ပါတယ်။ Online Banking သို့မဟုတ်ရင် Visual Banking လို့လည်း ခေါ်ကြပါတယ်။ အခုဆိုရင် ဘဏ်အသီးသီးက i-banking၊ e-banking ၊ n-banking ဆိုပြီးတော့မှ အသီးသီးဝန်ဆောင်မှုတွေ တိုးပြီးတော့မှ ပေးလာကြတာလည်း တွေ့ရပါတယ်။ မိမိရဲ့ အင်တာနက်၊ ကွန်ပျူတာ၊ မိုဘိုင်းဖုန်းတွေကနေ Money Track Sectiong တွေ လုပ်ရမယ်ဆိုလို့ရှိရင် မြန်ဆန်ရုံသာမက၊ လွယ်ကူရုံသာမက ပျောက်ရှပျက်စီးမှုတွေ သက်သာစေတဲ့အပြင် Paper Money တွေ မှီတက်လို့ရတဲ့ရောဂါတွေလည်း သက်သာစေမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကမ္ဘာ့ဘဏ်ဟာ လက်ရှိအစိုးရနှင့်ပူးပေါင်းပြီးတော့မှ ခေတ်အရမ်း နောက်ကျနေပြီဖြစ်တဲ့ အစိုးရဘဏ်ကြီးလေးဘဏ် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်နေတယ်လို့ **ဘလွန်ဘတ်** အင်တာနက်စာမျက်နှာမှာ ဖတ်ခဲ့ရပါတယ်။ လက်ရှိအစိုးရဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့ရာအတွက် Finance Sector ကိုပြုပြင်ပြောင်းလဲနေတယ်ဆိုတာ သိရတဲ့အတွက်ကြောင့်မို့လို့ ဝမ်းသာပါတယ်။ ဒါပေမဲ့လည်းပဲ ငွေကြေးဝန်ဆောင်မှုတွေဟာ အောက်ခြေပြည်သူတွေအထိ မရောက်သေးတဲ့အပြင် ပြည်သူတွေအစိုးရနဲ့ဆက်ဆံတဲ့အခါမှာလည်းပဲ၊ အခွန်ဆောင်တဲ့အခါမှာ၊ ဒဏ်ကြေးတွေပေးတဲ့အခါမှာ၊ သတ်မှတ်ကြေးတွေပေးတဲ့အခါတွေမှာ ပိုက်ဆံပေးချင်တဲ့သူတွေက မျက်နှာချိုသွေး ခယနေရတဲ့အခြေအနေတွေလည်း ရှိနေသေးတာဖြစ်ပါတယ်။ ဒါတွေကို ကျွန်တော်တို့ ပြုပြင်ပြောင်းလဲဖို့ဆိုလို့ရှိရင် e-banking စနစ်တွေ၊ Mobile Banking စနစ်တွေ အားကောင်းဖို့လိုတာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လုံလောက်တဲ့ဝန်ဆောင်မှုတွေ တစ်ပြေးညီအခွင့်အရေးတွေ ဖန်တီးပေးမယ့် e-banking စနစ်အားကောင်းစေရန် ဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိ ဥက္ကဋ္ဌကြီးမှ တစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဘိုဘိုငယ်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဗဟိုဘဏ်)**။ ။ ဟုတ်ကဲ့။ ဥက္ကဋ္ဌကြီးနှင့် ကြွရောက်လာတဲ့ကိုယ်စားလှယ်ကြီးများခင်ဗျား။ အခုလို ဒီမေးခွန်းကို ကျွန်တော်တို့ ဗဟိုဘဏ် ကိုယ်စား ဖြေကြားပေးရတဲ့အတွက် အထူးပဲကျေးဇူးတင်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးများ အားလုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေလို့ ဦးစွာဆုတောင်းလိုက်ပါတယ်။ e-banking စနစ်တွေ ဖွံ့ဖြိုးဖို့အတွက်က ၂၀၁၂ ခုနှစ် ဇူလိုင်လမှာ ကဒ်နဲ့ ငွေပေးချေမှုဆိုင်ရာအတွက် ညွှန်ကြားချက်တွေ ထုတ်ခဲ့ပါတယ်။ ပြီးတဲ့အခါကျတော့ ၂၀၁၃ ခုနှစ် ဒီဇင်ဘာမှာ Mobile Banking နဲ့ပတ်သက်တဲ့ ညွှန်ကြားချက်၊ ၂၀၁၆ ခုနှစ် မတ်လမှာ မိုဘိုင်းငွေကြေးဝန်ဆောင်မှု(Mobile Finacial Services)နဲ့ ပတ်သက်တဲ့စည်းမျဉ်းတွေကိုလည်း ထုတ်ခဲ့ပါတယ်။ အဲဒီတော့ e-banking မှာက Internet Banking နဲ့ Mobile Banking နှစ်ခုပါတယ်။ Internet ကသုံးတဲ့ဟာနဲ့ ဖုန်းတွေကိုသုံးပြီးလုပ်တာနဲ့။

အဲဒီတော့ ဒီဟာမှာ လုပ်ဖို့အတွက်က ဘဏ်တွေအားလုံးက e-banking လုပ်ဖို့အတွက်က Core Banking စနစ်ရှိဖို့ လိုပါတယ်။ အဲဒီတော့ အခု လက်ရှိမှာတော့ ဘဏ်ပေါင်း စုစုပေါင်း ၂၆ ဘဏ်မှာ Core Banking စနစ်တွေကို တပ်ထားပြီးပါပြီ။ သို့သော် အချို့ဘဏ်တွေကတော့ တော်တော်လေး တည်တည်ငြိမ်ငြိမ်ဖြစ်သွားပြီးတော့ အချို့က Core Banking က အခုမှ စရတဲ့အတွက် အချို့ဟာလေး ကတော့ System မတည်ငြိမ်တာလေးတွေတော့ ရှိပါသေးတယ်ခင်ဗျား။ အဲဒီတော့ အခုအချိန်မှာ တခြားကျန်တဲ့ဘဏ်တွေကလည်း Core Banking စနစ် တပ်ဆင်မှုဆက်လုပ်နေပါတယ်။

အဲဒီတော့ Internet Banking နဲ့ Mobile Banking သုံးမယ်ဆိုလို့ရှိရင်တော့ ဘဏ်ဖွင့်တဲ့ အချိန်တွေတင်မကဘဲနဲ့ ၂၄ နာရီပတ်လုံး မိမိစာရင်းကနေ သူများစာရင်းကိုရွှေ့လို့ရမယ်။ ပြီးတဲ့အခါ ကျတော့ Bill ကိုပေးလို့ရမယ်။ Mobile Phone ငွေဖြည့်လို့ရမယ်။ ဒါတွေလုပ်လို့ရမှာဖြစ်တဲ့အတွက် ကျွန်တော်တို့က ဘဏ်တွေနဲ့ အခုနက ဖွဲ့ထားတဲ့ Core Banking စနစ်နဲ့ ကျွန်တော်တို့ ဗဟိုဘဏ်ရဲ့ Real Time Gross Settlement System ကို အခု၂၀၁၆ ခုနှစ်က ဇန်နဝါရီလမှာစခဲ့တဲ့ စနစ်နဲ့ ကျွန်တော်တို့ စလုပ်နေပါတယ်။ ဒီဥစ္စာဟာ အလွန်မြန်တဲ့စနစ်ဖြစ်ပြီးတော့ ဘဏ်တစ်ဘဏ်နဲ့ တစ်ဘဏ်ကြားပေးတာကို စက္ကန့်ပိုင်းအတွင်း ဖြေရှင်းနိုင်ပါတယ်။

အဲဒီတော့ နောက်ပြီးတော့ Internet Banking နဲ့ Mobile Banking အပြင် နိုင်ငံတကာကဒ် တွေဖြစ်တဲ့ Visa ၊ Master ၊ JCB ၊ UPI Card တွေကိုလည်း ကျွန်တော်တို့ ထုတ်ဝေခွင့်ပေးထားပါပြီ။ အဲဒီကဒ်တွေကတော့ ပြည်တွင်းမှာထုတ်နေတဲ့ Prepaid Card တွေနဲ့မတူဘဲနဲ့ သူတို့က Credit Card တွေဖြစ်တဲ့အတွက် အသုံးပြုပြီးတဲ့နောက်ပိုင်းမှာ Balance Cycle ပြီးလို့ရှိရင် အတိုးပေးစရာ မလိုဘဲနဲ့ အဲဒီကျမှ ပိုက်ဆံပြန်ဆပ်လို့ရပါတယ်။ အဲဒီတော့ အဲဒါကို အဲဒီ Credit Card တွေနဲ့ ဒါ ပြည်ပနိုင်မှာလည်းသုံးလို့ရမယ်။ Internet တွေကနေ e-commerce စနစ်ဆိုပြီးတော့ ပစ္စည်းမှာယူ တာလည်း လုပ်ဖို့ရပါတယ်။ အဲဒီတော့ ကျွတ်တော်တို့ ဒီဘက်က တစ်ဖက်ကလည်း Mobile Account တွေဖွင့်ဖို့ Bank Account မပါဘဲနဲ့ ဖုန်းနံပါတ်နဲ့ပဲ Mobile Account တွေဖွင့်ဖို့အတွက် Mobile Financial Service အတွက် မိုဘိုင်းစည်းမျဉ်းစည်းကမ်းတွေလည်း ထုတ်ထားပြီးပါပြီ။ အဲဒီဟာက အခုဆိုရင် သူတို့က Agent Network တွေ အများကြီးလုပ်နေပါတယ်။ ဒီဟာတွေ အကောင်အထည် ပေါ်လာတဲ့အချိန်ကျရင် ကျွန်တော်က Mobile Phone ရှိရုံနဲ့ Account တွေဖွင့်ပြီးတော့ တစ်ဖက်နဲ့တစ်ဖက် ငွေပေးတာတွေ၊ ငွေလွှဲတာတွေ အထူးသဖြင့် အာဖရိကနိုင်ငံ တွေမှာ တန်ဇန်နီးယားလို၊ ကင်ညာလိုနိုင်ငံတွေမှာ အောင်မြင်တွေတဲ့လုပ်ငန်းတွေ ကျွန်တော်တို့ လုပ်နိုင်မှာဖြစ်ပါတယ်။

နောက်ပြီးတော့ မိုဘိုင်းနဲ့ဘဏ်တွေနဲ့လည်း ချိတ်ဆက်ပြီးတော့ ကျွန်တော်တို့ အလွန်ဝေးကွာတဲ့ နေရာမှာ Telephone Signial ရှိရုံနဲ့ ကျွန်တော်တို့ အလုပ်လုပ်လို့ ရမှာဖြစ်ပါတယ်။ ဒီအတွက်ကို လည်း ကျွန်တော်တို့ အခု တည်ဆောက်ထားတဲ့ RTG ရဲ့ System အခု Part II ဆိုပြီး ကျွန်တော်တို့ ဆက်ပြီး ဂျပန်နိုင်ငံရဲ့အကူအညီနဲ့ ဆက်ပြီးဖြည့်ပြီးတော့ လုပ်နေတာရှိပါတယ်။ ၂၀၂၀ ခုနှစ်ကျရင် ဒီ Part II အစီအစဉ်ပြီးပါမယ်ခင်ဗျား။ ဒီဟာကတော့ ကျွန်တော်တို့ ဗဟိုဘဏ်တွေအနေနဲ့ e-banking

စနစ်တွေ ပိုမိုထိရောက်အောင်မြင်စေရန်အတွက် လုပ်ဆောင်ရန်ရှိတဲ့လုပ်ငန်းများဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ပုဂ္ဂလိကဘဏ်နှင့်ငွေကြေးဆိုင်ရာအဖွဲ့အစည်းများ၏ ငွေဖြစ်လွယ်မှု(Liquidity)၊ မတည်ရင်းနှီးငွေ (Capital)၊ ငွေသားစီးထွက်မှု(Cash out flow)၊ ငွေသားစီးဝင်မှု(Cash in flow)များကို CBM ဗဟိုဘဏ်က စောင့်ကြည့်ကြီးကြပ်မှု၊ နိုင်ငံသားများ၏ စုဆောင်းငွေ၊ လွှဲပို့တဲ့ငွေများ ဆုံးရှုံးမှု မဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်ထားမှုများအခြေအနေနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်ချို (လှိုင်းဘွဲ့မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ကရင်ပြည်နယ်၊ ရေဦးမဲဆန္ဒနယ်က ဦးခင်ချိုဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းလိုတဲ့အကြောင်းအရာကတော့ နိုင်ငံရဲ့ငွေကြေးကိစ္စရပ်များ ဆောင်ရွက်နေကြတဲ့ ငွေရေးကြေးရေးနဲ့ပတ်သက်တဲ့ ဘဏ်များကိစ္စ ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်၊ ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးဆိုင်ရာအစီရင်ခံစာအရ မြန်မာနိုင်ငံအနေနဲ့ နိုင်ငံပိုင်ဘဏ်အမျိုးအစားလေးမျိုးဖြစ်တဲ့ မြန်မာ့စီးပွားရေးဘဏ် ၃၀၄ ဘဏ်၊ နိုင်ငံခြားကုန်သွယ်မှုဘဏ် ၁ ဘဏ်၊ ရင်းနှီးမြှုပ်နှံမှုနဲ့ ကူးသန်းရောင်းဝယ်ရေးဘဏ် ၂ ဘဏ်နဲ့ လယ်ယာဖွံ့ဖြိုးရေးဘဏ် ၂၀၆ ဘဏ် စုစုပေါင်း ၅၂၃ ဘဏ်ရှိပြီးတော့၊ ပုဂ္ဂလိကဘဏ်အမျိုးအစား ၂၂ မျိုးမှာ ဖွင့်လှစ်ပြီးတဲ့ဘဏ် ၁၁၀၂ ဘဏ်၊ နိုင်ငံခြားဘဏ် ကိုယ်စားလှယ်ရုံး ၃၇ ခု၊ ငွေရေးကြေးရေးကုမ္ပဏီ ၉ ခု ဖွင့်လှစ်ခွင့်ပြုပြီးတော့ ဆောင်ရွက်နေကြကြောင်းသိရပါတယ်။

နိုင်ငံဘဏ်များအပြင် ပုဂ္ဂလိကဘဏ်များ ဖွင့်လှစ်ရတဲ့အတွက်ကြောင့် နိုင်ငံအတွင်းငွေကြေးလည်ပတ်စီးဆင်းမှု ပိုပြီးတော့မြန်ဆန်သွက်လက်လာတာ၊ ပညာတတ်လူငယ်တွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးလာနိုင်တာ၊ နိုင်ငံရဲ့ငွေရေးကြေးရေးကဏ္ဍနဲ့ GDP တိုးလာတာစတဲ့ နိုင်ငံရဲ့အကျိုးရလဒ်ကောင်းတွေရရှိလာနိုင်တာ၊ ရှိနေတာတွေတွေ့ရပါတယ်။ နိုင်ငံအတွင်းမှာရှိတဲ့ ပုဂ္ဂလိကဘဏ်တွေအနေနဲ့ နိုင်ငံသားတွေရဲ့ငွေရေးကြေးရေးများ လွှဲပို့ပေးတဲ့လုပ်ငန်းများ၊ စုဆောင်းငွေလက်ခံတဲ့လုပ်ငန်းများအပြင် အချို့ဘဏ်တွေအနေနဲ့ နိုင်ငံသားလုပ်ငန်းရှင်များကို ငွေထုတ်ချေးတဲ့လုပ်ငန်းတွေလည်း ဆောင်ရွက်ကြကြောင်းသိရပါတယ်။ နိုင်ငံတော်ဘဏ်များအနေနဲ့ နိုင်ငံသားများရဲ့အကျိုးကို မထိခိုက်မနစ်နာစေဖို့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းတွေချမှတ်ဆောင်ရွက်ကြရတဲ့အတွက်ကြောင့်မို့လို့ နိုင်ငံသားများရဲ့အကျိုး ထိခိုက်နစ်နာမှုကို ကာကွယ်ပေးနိုင်ပေမဲ့ ယခင်ကာလများက ဖြစ်ခဲ့ဖူးတဲ့အတွေ့အကြုံတွေအရ ပုဂ္ဂလိကဘဏ်အချို့က ငွေကြေးဆိုင်ရာကိစ္စရပ်တွေနဲ့ အခြားအခြေအနေတွေကြောင့် ဘဏ်တွေပိတ်သိမ်းခဲ့ရတဲ့အနေအထားမျိုးဖြစ်လာတဲ့အခါမှာ နိုင်ငံသူနိုင်ငံသားများအတွက် ထိခိုက်နစ်နာမှုတွေ၊ တွေ့ကြုံခဲ့ရတာတွေ ရှိခဲ့ပါတယ်။ ပြီးတော့လည်းပဲ နိုင်ငံတော်မှာလက်ရှိကြုံတွေ့နေရတဲ့ နိုင်ငံခြားငွေလဲနှုန်းကို တည်ငြိမ်မှု မြင့်တက်နေမှုတွေ၊ မြန်မာကျပ်ငွေတန်ဖိုးကျဆင်းနေမှုတွေအတွက်လည်းပဲ ဖြေရှင်းဆောင်ရွက်ရမယ့် အရေးကြီးတဲ့ကိစ္စရပ်တွေ ဖြစ်ပေါ်နေတဲ့အတွက်ကြောင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့်

ပြည်သူများရဲ့ကိုယ်စား မေးမြန်းလိုတာကတော့ ပုဂ္ဂလိကဘဏ်နဲ့ငွေကြေးဆိုင်ရာအဖွဲ့အစည်းများရဲ့ ငွေဖြစ်လွယ်မှု(Liquidity)၊ မတည်ရင်းနှီးငွေ(Capital)၊ ငွေသားစီးထွက်မှု(Cash out flow)နဲ့ငွေသား စီးဆင်းမှု(Cash in flow)တွေကို CBM ဗဟိုဘဏ်က စောင့်ကြည့်ကြီးကြပ်မှု၊ နိုင်ငံသားများရဲ့ စုဆောင်းငွေ၊ လွှဲပို့တဲ့ငွေတွေ ဆုံးရှုံးမှုမဖြစ်ပေါ်စေအောင် ကြိုတင်ကာကွယ်ထားမှုအခြေအနေတွေကို ဖြေကြားပေးနိုင်ရေး လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဘိုဘိုငယ်(ဒုတိယဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်)**။ ။ ကရင်ပြည်နယ်၊ လှိုင်းဘွဲ့ မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချို့ရဲ့မေးမြန်းသွားတဲ့မေးခွန်းကို ကျွန်တော် ဆက်လက်ဖြေကြားပါ့မယ်။ အဓိကကတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့်ပတ်သက်လို့ရှိတဲ့ ဥပဒေ နှစ်ခုကတော့ ၂၀၁၃ ခုနှစ်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေနှင့် ၂၀၁၆ မှာပြဋ္ဌာန်းခဲ့တဲ့ ငွေရေး ကြေးရေးအဖွဲ့အစည်းများဥပဒေ ဖြစ်ပါတယ်။ ဒီဥပဒေနှစ်ရပ်အရ ကျွန်တော်တို့လုပ်ဆောင်နိုင်တဲ့ အခွင့်အာဏာများကိုသုံးပြီးတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ ကြီးကြပ်လျက်ရှိပါတယ်။ ဒီမြန်မာ နိုင်ငံတော်ဗဟိုဘဏ်အနေနဲ့ကတော့ အဓိကကြည့်တဲ့ Ratio နှစ်ခုရှိတယ်ပေ့ါလေ။ ငွေကြေးလွယ်ကူမှု အချိုး(Liquidity Ratio)နှင့် Capital Adequacy Ratioဆိုတဲ့ မတည်ငွေရဲ့လုံလောက်မှုအချိုး ဖြစ်ပါတယ်။ အဲဒီမှာငွေကြေးလွယ်ကူမှုအချိုးကို ကျွန်တော်တို့ ၂၀ ရာခိုင်နှုန်းဖြစ်ပြီးတော့ Capital Adequacy အချိုးကတော့ ၁၀ ရာခိုင်နှုန်းထားဖို့ ယခင်ညွှန်ကြားချက်နှင့် သတ်မှတ်ထားပါတယ်။ အဲဒီညွှန်ကြားချက်အရ ကျွန်တော်တို့လက်ရှိတွက်နေတာ ဖြစ်ပါတယ်။ အဲဒီညွှန်ကြားချက်အရဆိုရင် ပြီးခဲ့တဲ့ဇွန်လကုန်အထိမှာ ကျွန်တော်တို့ဘဏ်တွေအားလုံးရဲ့ စုစုပေါင်းငွေကြေးလွယ်ကူမှုအချိုး ကတော့ ၃၉.၇၂ ရာခိုင်နှုန်းနှင့် မတည်ငွေရင်းလုံလောက်မှုအချိုးက ၁၈.၀၇ ရာခိုင်နှုန်းရှိတာကြောင့် လုံလောက်တဲ့အချိုးရှိတာကို တွေ့ရပါတယ်။ ဒီဥစ္စာက System တစ်ခုလုံးရဲ့ Average တွေ ဖြစ်ပြီးတော့ တချို့သောအဖွဲ့အစည်းလေးတွေက ဒီထက်နည်းတာလေးတွေရှိလိမ့်မယ်။ ဒါတွေကို ကျွန်တော်တို့ အာရုံစိုက်ပြီးကြည့်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ဒီဥစ္စာအခုဖြစ်ပွားခဲ့တဲ့အချိုးတွေ ဟာ ယခင်ကတွက်နည်းအတိုင်း ပြောခဲ့တာပါ။ ယခု ကျွန်တော်တို့ တွက်နည်းအသစ်ကို ပြီးခဲ့တဲ့ ဇူလိုင်လမှာ ထုတ်ပြန်ခဲ့ပါတယ်။ ဒါကလည်း ကျွန်တော်တို့ ကမ္ဘာ့ဘဏ်နှင့် International Monetary Rund(IMR)နှစ်ခုပေါင်းပြီး တိုင်ပင်ပြီးတဲ့အခါမှာ ကျွန်တော်တို့ ဒီဟာကို အသစ်ရေးဆွဲပြီးတော့ ဇူလိုင်လ ၇ ရက်နေ့ကထုတ်ခဲ့တာ ဖြစ်ပါတယ်။ အဲဒီတော့ ငွေကြေးလွယ်ကူမှုအချိုးအသစ်အရ ဆိုရင်တော့ ကျွန်တော်တို့က စုစုပေါင်းငွေကြေးလွယ်ကူမှုအချိုး၊ မတည်ငွေရင်းလုံလောက်မှုအချိုး အသစ်ကဆိုလို့ရှိရင် မတည်ငွေရင်းလွယ်ကူမှုအချိုးကတော့ ၈ ရာခိုင်နှုန်းအဖြစ်ပြောင်းလိုက်ပါတယ်။ ဒါပေမဲ့ ဒီဥစ္စာမှာ ၈ ရာခိုင်နှုန်းမှာ တစ်ရာ၀မ်းခေါ်တဲ့ ဘဏ်ကိုထည့်ဝင်တဲ့ Share Holder တွေက ထည့်ဝင်ငွေက အနည်းဆုံး ၄ ရာခိုင်နှုန်း ရှိရပါမယ်။ အဲဒီထက် ကျွန်တော်တို့ အခုဆိုရင် ကျွန်တော်တို့ ဘဏ်တွေကို ဒီတွက်နည်းအသစ်နဲ့ တွက်ခိုင်းထားပါပြီ။ အဟောင်းကော၊ အသစ်ကော ကျွန်တော်တို့

နှစ်ခုလုံးတွက်ပြီးတော့ အသစ်အရဆိုရင် တချို့သောဘဏ်တွေဟာ လျော့နည်းမှုဖြစ်နိုင်တဲ့အတွက် ကျွန်တော်တို့ အဲဒါကိုအခုချိန်မှာ သူတို့ကို Capital Seasonal တွေလုပ်ဖို့ စတင်ဆောင်ရွက် နေပါတယ်။

သူတို့ဘက်ကလည်း ကျွန်တော်တို့ကိုစပြီးတော့ ငွေကြေးတွ စထည့်နေတာတွေလည်း ရှိပါတယ်။ နောက်ပြီးတော့ အဲဒီထုတ်ခဲ့တဲ့ငွေကြေးစည်းမျဉ်းတွေမှာတော့ ခုနက Liquidity အချိုးဟာ ၂၀ ရာခိုင်နှုန်းပဲ ဆက်ထားပါတယ်။ အဲဒီနှစ်ခုလုံးဟာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလမှာ စပြီးအကျိုးသက်ရောက်မှာဖြစ်ပါမယ်။ အဲဒီတော့ ဒီအတိုင်းအချိုးတွေနဲ့မပြည့်လို့ရှိရင်တော့ ကျွန်တော်တို့က နေပြီးတော့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေပုဒ်မတွေမှာ ကျွန်တော်တို့ကို အပ်ထားတဲ့အာဏာတွေအရ စီမံခန့်ခွဲရေးနည်းလမ်းတွေနဲ့ ပြစ်ဒဏ်ချမှတ်တာတွေ၊ အရေးယူတည့်မတ်တာတွေ ကျွန်တော်တို့ပြုလုပ်မှာဖြစ်ပါတယ်။ တကယ်လို့ အဲဒီအထဲကမှ ၂၀၁၈ ခုနှစ် ဇန်နဝါရီလကစပြီးတော့ တကယ်လို့ မတည်ငွေရင်းမလုံလောက်တဲ့အချိန် တစ်ချိန်ချိန်ဖြစ်ပေါ်ခဲ့ရင် ကျွန်တော်တို့ ရက်ပေါင်း ၃၀ အတွင်း ဒါကိုဘယ်လိုဖြေရှင်းမယ်ဆိုတာ အကြောင်းကြားရမှာ ဖြစ်ပါတယ်။ အဲဒီလိုတင်ပြထားတဲ့အတွင်းမှာ ငွေထက်ထုပ်ချေးလို့မရပါဘူး။ အဲဒီလိုတင်ပြတဲ့အတွင်းမှာ ကျွန်တော်တို့ ဘဏ်ခွဲထပ်ဖွင့်တာဆိုတဲ့ သူတို့ရဲ့ Capital Position တွေကို လျော့ကျသွားနိုင်တဲ့ ကိစ္စကို ကျွန်တော်တို့ ခွင့်မပြုပါဘူး။ အဲဒီတော့ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်က ခွင့်ပြုထားတဲ့ကာလအတွင်းမှာ ပြန်ပြီးတော့မတည့်မတ်နိုင်ဘူးဆိုလို့ရှိရင်တော့ ကျွန်တော်တို့က စီမံခန့်ခွဲရေးဆိုင်ရာပြစ်ဒဏ်တွေကို ချမှတ်သွားဖို့ရှိပါတယ်။ ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့ ဘဏ်တွေအနေနဲ့ ပြည်သူလူထုက အပ်ထားတဲ့အပ်ငွေတွေကို လက်ခံပြီးထုတ်ပေးခြင်း၊ ပြည်သူတွေကို ချေးငွေထုတ်ပေးခြင်း၊ ပြန်ကောက်ခံခြင်း၊ ငွေလွှဲခြင်းလုပ်ငန်းတွေမှာ ဒါတွေကို ကျွန်တော်တို့ ဘယ်လိုစောင့်ကြည့်နေသလဲဆိုတာ ဆက်တင်ပြပါမယ်။ အဲဒီလို စောင့်ကြည့်တဲ့အထဲမှာ တစ်နေ့ အဝင်အထွက်က တစ်နေ့ကို ကျပ် တစ်ဘီလီယံကျော်ကို ကျွန်တော်တို့ ဆောင်ရွက်ချက်တွေကို ကြည့်ပြီးတော့ ဘဏ်တွေကိုလိုအပ်ရင် ကျွန်တော်တို့ရဲ့ Banking Supervision Department ကနေပြီးတော့ ဆက်သွယ်မေးမြန်းတာမျိုး နေ့စဉ်ပြုလုပ်ပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပထမသုံးလပတ်မှာ အပ်ငွေအားဖြင့်ဆိုလို့ရှိရင် 1.4 Billion ခန့် တိုးလာတာကို တွေ့ရပါတယ်။ နောက်ပြီးတော့ စုစုပေါင်းအပ်ငွေကတော့ 25 Trillion ခန့်ရှိပါတယ်။ စုစုပေါင်းချေးငွေကတော့ 17 Trillion ခန့်ရှိပြီးတော့ ဒီပထမသုံးလပတ်အတွင်းမှာ စုစုပေါင်းအားဖြင့် ကျပ် ၆၃၀ Billion ကျော် တိုးပြီးတော့ချေးထားတာတွေ့ရပါတယ်။ ဒီလိုအဝင်/အထွက်ကတော့ ပြီးခဲ့တဲ့ Quarter အတွင်းမှာဆိုလို့ရှိရင်တော့ စုစုပေါင်း 615 Billion ပိုထွက်သွားတာရှိပါတယ်။ ဒီလို အဝင်နဲ့အထွက်ကတော့ တချို့ Quarter မှာပိုသွားတာရှိတယ်။ တချို့ Quarter မှာပိုဝင်လာတာရှိပါတယ်။ ဒါကတော့ ပထမသုံးလပတ်တစ်ခုနဲ့တစ်ခုကြားမှာ ကွာခြားမှုရှိပါတယ်။

နောက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ နိုင်ငံသားများရဲ့စုဆောင်းငွေ၊ လွှဲပို့ငွေဆုံးရှုံးမှုတွေမဖြစ်အောင် ဘယ်လိုကြိုတင် ကာကွယ်ထားတယ်ဆိုတဲ့ အခြေအနေမေးခွန်းနဲ့ ပတ်သက်လို့ကတော့ ကျွန်တော်တို့မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥပဒေပုဒ်မနဲ့ ငွေရေးကြေးရေး

အဖွဲ့အစည်းများဥပဒေမှာ ငွေရေးကြေးရေးစနစ်တည်ငြိမ်ဖို့၊ ငွေကြေးတည်ငြိမ်ဖို့၊ ပြည်တွင်းဈေးနှုန်းတည်ငြိမ်မှုရဖို့အတွက်ရည်မှန်းချက်တွေ ကျွန်တော်တို့ သတ်မှတ်ထားပြီးတော့ ရည်မှန်းချက်တွေအတိုင်းအကောင်အထည်ဖော်ဖို့ ညွှန်ကြားထားတာ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ကတော့ ဗဟိုဘဏ်ငွေကြေးဝန်ဆောင်မှုလုပ်တဲ့အခါမှာ တစ်ခါတစ်ခါမှာ ဘဏ်နဲ့ဘဏ်ကိုဆက်သွယ်သူတွေကြားမှာ အငြင်းပွားတာမျိုးရှိပါတယ်။ မကြာခဏအဲဒီတုန်းက တိုင်ကြားမှုတွေရှိတဲ့အခါမှာပေါင်းစပ်ညှိနှိုင်းပေးတာလည်း ရှိပါတယ်။ ကျွန်တော်တို့ Banking Supervision Department ကနေကြည့်ပြီးတော့ တစ်ခါတစ်ခါမှာလိုအပ်တဲ့အခါကျရင် တိုင်ကြားမှုမရှိဘဲမေးတာတွေလည်း ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ နောက်တစ်ချက်ကတော့ ငွေပေးချေတာတွေ၊ ငွေလွှဲပို့တာတွေနဲ့ပတ်သက်လို့ငွေပေးချေမှု အခုနပထမမေးခွန်းကို ကျွန်တော်ဖြေသွားခဲ့စဉ်မှာပါတဲ့ ဒီ RTGS System ခေါ်တဲ့ Real Time Gross Payment System နဲ့ငွေလွှဲတဲ့အခါမှာ အခုအခါမှာ အများကြီးသက်သာသွားပါတယ်။ ငွေသားကိုင်ဆောင်ရတာ အထူးသဖြင့်ဘဏ်တွေကြားမှာဘဏ်တွေအချင်းချင်းလွှဲပို့တဲ့အခါမှာ သက်သာသွားပါတယ်။ အဲဒီတော့ ကျွန်တော်တို့အနေနဲ့ ဘဏ်နဲ့ဆက်သွယ်လုပ်ဆောင်တဲ့ Customers တွေကြားမှာတော့ ငွေကိုင်ဆောင်မှုတွေရှိနေသေးတဲ့အတွက်ကြောင့်မို့လို့ဒီဟာတွေအတွက် လုံခြုံမှုဆောင်ရွက်ဖို့အတွက် အစီအစဉ်တွေရေးဆွဲပြီးတော့ ဘဏ်ကိုညွှန်ကြားထားပါတယ်။ လိုအပ်တဲ့အာမခံတွေဝယ်ယူဖို့အတွက်လည်း ညွှန်ကြားထားပါတယ်။ ဒါကြောင့်မို့လို့ကျွန်တော်တို့ ဗဟိုဘဏ်အနေနဲ့ ပုဂ္ဂလိကဘဏ်တွေမှာအပ်ထားတဲ့ နိုင်ငံသားများစုဆောင်းငွေ၊ လွှဲပို့ငွေတွေဆုံးရှုံးမှု မဖြစ်ပေါ်အောင် ကြိုတင်ကာကွယ်ထားမှုအခြေအနေဟာ ဒီလိုရှိပါတယ်ဆိုတာတင်ပြရင်း ကျွန်တော် နိဂုံးချုပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများဖြေကြားပြီးတဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသုံးပြုခွင့်ပေးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအားမည်သည့်အချိန်တွင် မြေခွန်ကောက်ခံမည်နှင့် ကောက်ခံမည့်အစီအစဉ်များ မည်သို့ဆောင်ရွက်ထားသည်ကိုသိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လောင်းလုံးမဲဆန္ဒနယ်မှ ဒေါ်ခင်စန္ဒီ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါ်ခင်စန္ဒီ(လောင်းလုံးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်သည်တော်များအားလုံးမင်္ဂလာပါရှင်။ ကျွန်မကတော့ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီ ဖြစ်ပါတယ်ရှင်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ကျွန်မမေးမြန်းလိုတဲ့မေးခွန်းကတော့ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသုံးပြုခွင့်ပေးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မည်သည့်အချိန်တွင် မြေခွန်ကောက်ခံမည်နှင့် ကောက်ခံမည့်အစီအစဉ်များမည်သို့ဆောင်ရွက်ထားရှိသည်ကို သိရှိလိုတဲ့မေးခွန်းဖြစ်ပါတယ်ရှင့်။

လေးစားရပါသော ဥက္ကဋ္ဌကြီးရှင်။ တနင်္သာရီတိုင်းဒေသကြီးမှာ ၁၉၉၂ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း မြေလွတ်၊ မြေလပ်ဧက ၅၈၀၀၀ ကျော်ကို လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများအား စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ရန် အသုံးပြုခွင့်ပေးခဲ့ပါတယ်။ စိုက်ပျိုးသီးနှံများအဖြစ် သီဟိုရ်၊ ရာဘာ၊ ဆီအုန်းစတဲ့ နှစ်ရှည်ပင်များစိုက်ပျိုးခဲ့ပြီး မြေဧက ၂၅၀၀၀၀ ကျော်ကိုပဲ အသုံးပြုခဲ့ပါတယ်။ စိုက်ပျိုးရေး၊ မွေးမြူရေးမလုပ်ကိုင်သေးတဲ့ မြေလွတ်၊ မြေရိုင်းဧက ၃၃၀၀၀၀ ကျော် ကျန်ရှိနေပါတယ်ရှင်။ အသုံးပြုခွင့်ရထားတဲ့မြေများမှ ၁၈၃၈၉၈.၁၄ ဧကကို ဗဟိုအဖွဲ့က လည်းကောင်း၊ ၄၄၇၀၀၀ ကျော်ကို ဒေသအာဏာပိုင်အဖွဲ့ကလည်းကောင်း၊ ၅၀၀၀ ဧကကို ဝန်ကြီးဌာနမှလည်းကောင်း၊ ၆၅၉၁ ဧကကို မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှလည်းကောင်း အသီးသီးခွင့်ပြုမိန့်ချပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးရှင့်။ မြေလွတ်၊ မြေလပ်နှင့်ပတ်သက်၍ နောက်ဆုံးအတည်ပြုထားတဲ့ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ၊ စီမံခန့်ခွဲရေးနည်းဥပဒေပုဒ်မ ၃၉ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ) တို့အရ မြေလွတ်၊ မြေရိုင်းများတွင် မြေခွန်ကင်းလွတ်ခွင့်ကာလကို စတင်ခွင့်ပြုသည့်နေ့မှစ၍ သီးနှံအမျိုးအစားအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးမယ့်အချိန်ကို အတိအကျပြဋ္ဌာန်းပါရှိပြီးဖြစ်ပါတယ်ရှင်။ နည်းဥပဒေပုဒ်မ ၄၀၊ ပုဒ်မခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ)၊ (င) ပြဋ္ဌာန်းချက်များမှာလည်း မြေလွတ်၊ မြေရိုင်းလုပ်ကိုင်ခွင့်ရရှိသူက အသုံးပြုခွင့်ရရှိထားသောမြေများအတွက် မြေခွန်ကို မြေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးသည့်နေ့ရက်မှစ၍ သီးနှံအမျိုးအစားအလိုက်၊ လုပ်ငန်းအမျိုးအစားအလိုက် တစ်နှစ်လျှင်တစ်ကြိမ် သတ်မှတ်နှုန်းထားအတိုင်း မြေခွန်ပေးဆောင်ရမည်။ ဦးစီးဌာနမှလည်း စည်းကြပ်ကောက်ခံရမည်လို့ အတိအကျပြဋ္ဌာန်းပါရှိပါတယ်ရှင်။ ယခုအချိန်မှာတော့ အသုံးပြုခွင့်ပေးထားတဲ့ မြေလွတ်၊ မြေရိုင်းများဟာ ကင်းလွတ်ခွင့်ကာလကုန်ဆုံးနေပြီဖြစ်သော်လည်း အခွန်စည်းကြပ်ကောက်ခံထားခြင်းမရှိသေးကြောင်း တွေ့ရှိရပါတယ်ရှင်။ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေပုဒ်မ ၁၆ ပုဒ်မခွဲ(ဃ)အရ မိမိလုပ်ကိုင်ခွင့်ရရှိတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် မြေခွန်ကို အပြေအကျေပေးဆောင်ရမည်ဟု ပြဋ္ဌာန်းထားပြီး နည်းဥပဒေပုဒ်မ ၃၆ ပုဒ်မခွဲ(ဂ)တွင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများကို မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခြင်းမှရရှိသော မြေခွန်အဖြစ် တတ်နိုင်သမျှဖြည့်ဆည်းပေးနိုင်ရေး ပြဋ္ဌာန်းထားရှိသော်လည်း ယနေ့အချိန်ထိ အခွန်စည်းကြပ်နိုင်ခြင်းမရှိသေးတဲ့အတွက် နိုင်ငံတော်ဘဏ္ဍာငွေများစွာ နစ်နာရတာကို တွေ့ရှိရပါတယ်။ ထို့ကြောင့် မြေလွတ်၊ မြေရိုင်းများအပေါ် အခွန်ငွေကောက်ခံရန်အတွက် ဆောင်ရွက်ထားရှိမှုအခြေအနေကို တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ မေးမြန်းရာ ဥပဒေနှင့်အညီ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ ချမှတ်ပေးနိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့ကို တင်ပြထားတယ်လို့ပြောပါတယ်ရှင့်။

ဥက္ကဋ္ဌကြီးရှင့်။ ကျွန်မတို့နိုင်ငံမှာ ၁၉၉၁ ခုနှစ်က ဖွဲ့စည်းခဲ့တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုအဖွဲ့ရှိခဲ့ပါတယ်။ ဒီဗဟိုအဖွဲ့ကထုတ်ပြန်ထားတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးအတွက် မြေယာလုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ပေးဖို့ လုပ်ထုံးလုပ်နည်းတစ်ရပ်ရှိခဲ့ပါတယ်။ ဒီလုပ်ထုံးလုပ်နည်းမှာလည်း မြေခွန်နှင့်ပတ်သက်ပြီးတော့ အသေးစိတ်ပါရှိပါတယ်။ အခုနောက်ဆုံးအတည်ပြုထားတဲ့

၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ၊ နည်းဥပဒေမှာလည်း မြေခွန်နှင့် ပတ်သက်ပြီးတော့ တိတိကျကျပြဋ္ဌာန်းထားသော်လည်း ဘာဖြစ်လို့အခွန်ကောက်ခံတဲ့နေရာမှာ နှောင့်နှေးကြန့်ကြာမှုတွေရှိနေလည်းဆိုတာကို သိချင်ပါတယ်ရှင့်။

သို့ဖြစ်ပါ၍ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ အသုံးပြုခွင့်ပေးထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား မည်သည့်အချိန်တွင် မြေခွန်ကောက်ခံမည်နှင့် ကောက်ခံမည့်အစီအစဉ်များ မည်သို့ဆောင်ရွက်ထားရှိသည်ကို သိရှိလိုပါ၍ လေးစားအပ်ပါသောပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် ပြည်သူများကိုယ်စား မေးမြန်းအပ်ပါတယ်ရှင်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်စန္ဒီရဲ့ တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ အသုံးပြုခွင့်ပေးထားပြီး မြေခွန်ကောက်ခံထားမှုမရှိကြောင်း သိရတဲ့အတွက် မည်သည့်အချိန်မှာ ကောက်ခံမည်နှင့် ကောက်ခံမယ့်အစီအစဉ်များ မည်သို့ဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်းတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နှင့်အတူ ရှင်းလင်းဖြေကြားပေး ပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်စီးပွားဖွံ့ဖြိုးတိုးတက်ဖို့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အသုံးပြုပြီး စီးပွားဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တုထုတ်လုပ်ခြင်း၊ အစိုးရကခွင့်ပြုတဲ့၊ ဥပဒေနှင့်ညီညွတ်တဲ့ အခြားလုပ်ငန်းများကို ဆောင်ရွက်နိုင်ဖို့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပြီးတော့ အသုံးပြုခွင့် လုပ်ပိုင်ခွင့်များ ခွင့်ပြု ပေးလျက်ရှိပါတယ်။

ဒီလို ချထားဆောင်ရွက်တဲ့အခါမှာ လက်ရှိအခြေအနေကို ပြန်လည်သုံးသပ်ရင် တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် စုစုပေါင်း ဧရိယာဧက ၃.၈၉ သန်းခန့် ခွင့်ပြုချထားပေးခဲ့ပြီး ဖြစ်ပါတယ်။ ယင်းအပေါ်မှာ အသုံးပြုဆောင်ရွက်ထားရှိမှုကတော့ ဧက ကိုးသိန်းခန့်သာရှိပြီးတော့ ဆောင်ရွက်ဖို့ အတွက် ဧက သုံးသန်းခန့်ကျန်ရှိနေသေးတာကို တွေ့ရပါတယ်။ ရာခိုင်နှုန်းအားဖြင့်တော့ ၇၆.၈၆ ရာခိုင်နှုန်း ဖြစ်ပါတယ်။ အလားတူပဲ တနင်္သာရီတိုင်းဒေသကြီးမှာဆိုရင် စုစုပေါင်း ဧက ၅.၈၄ သိန်း လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးထားပြီးဖြစ်ပါတယ်။ ယင်းအနက်မှ အသုံးပြုဆောင်ရွက်ထားတဲ့ဧရိယာ ဧက ကတော့ ၂.၅၁ သိန်း(၂၅၀၀၀၀)သာရှိတဲ့အတွက် ဆောင်ရွက်ဖို့ ဧရိယာ ဧက ၃.၃၃ သိန်း ကျန်ရှိပါတယ်။ ရာခိုင်နှုန်းအားဖြင့်တော့ ၅၇ ရာခိုင်နှုန်းဖြစ်ပါတယ်။ ဒီနေရာမှာ နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းကတော့ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားပြီး လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ကို အသုံးမပြုဘဲ ကျန်ရှိနေတဲ့မြေယာ၊ လုပ်ပိုင်ခွင့်ပြုထားတဲ့အပေါ်မှာ ပြန်လည်သုံးသပ်ပြီးတော့မှ နိုင်ငံတော်ရဲ့

အကျိုးစီးပွားဖြစ်ထွန်းမယ့်လုပ်ငန်းတွေအပေါ်မှာ လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်ချထားဖို့ အပိုင်းနှစ်ပိုင်းနဲ့ ယခု လွှတ်တော်ကိုယ်စားလှယ်ကြီးတင်ပြတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားပြီးတော့မှ မြေပြင်မှာအကောင်အထည်ဖော်ထားပြီးသားအပေါ်မှာ အခွန်ကောက်ခံရေးကိစ္စဆိုပြီး နှစ်ပိုင်းရှိပါတယ်။

တနင်္သာရီတိုင်းဒေသကြီးမှာဆိုရင် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့် ပေးထားပြီး၊ မြေပြင်မှာ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိတဲ့ ဧရိယာဧက တင်ပြပါအတိုင်းပဲ နှစ်သိန်းခွဲအနက်မှာ ၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေအရ မြေခွန်ကင်းလွတ်ခွင့်ကာလကျော်လွန်ပြီး မြေခွန်ကောက်ခံရမည့် ဧရိယာစုစုပေါင်းဟာ ဧက ၂.၄၃ သိန်းခန့်(၂၄၃၀၀၀)ခန့်ရှိနေပါတယ်။ ပြဋ္ဌာန်းထားတဲ့၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေပုဒ်မ ၄၀ မှာ ဗဟိုကော်မတီဟာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအသုံးပြု ခြင်းမှ နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ထိထိရောက်ရောက်ကောက်ခံရရှိစေဖို့အလို့ငှာ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူက ယင်းလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိထားတဲ့မြေတွေအတွက် မြေခွန်ကို သီးနှံအမျိုးအစားအလိုက်၊ လုပ်ငန်းအမျိုးအစား အလိုက် သတ်မှတ်ထားတဲ့ မြေခွန်ကင်းလွတ်ခွင့်ကာလကုန်ဆုံးတဲ့နေ့ကစပြီး တစ်နှစ်ကို တစ်ကြိမ် စည်းကြပ်ကောက်ခံဖို့အတွက် လိုအပ်သလို ညွှန်ကြားရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရှိပြီးလည်း ဖြစ်ပါ တယ်။

၂၀၁၂ ခုနှစ်၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးနည်းဥပဒေ အပိုဒ် ၃၉ မှာ ဗဟို ကော်မတီဟာ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုထားတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းတွေအတွက် မြေခွန်ကင်းလွတ်ခွင့်ကာလကို စတင်ခွင့်ပြုသည့်နေ့မှစပြီး လုပ်ငန်းအမျိုးအစား၊ သီးနှံအမျိုးအစား အလိုက် ပြဋ္ဌာန်းထားရှိပြီးလည်း ဖြစ်ပါတယ်။ ယင်းနှင့်စပ်လျဉ်းပြီးတော့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကနေပြီးတော့ မြေခွန်တော် စည်းကြပ်ကောက်ခံနိုင်ဖို့ကိစ္စနှင့်ပတ်သက်ပြီးတော့ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတို့ရဲ့ အကြံပြုချက်၊ သဘောထား မှတ်ချက်များကို တောင်းခံရရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ စီးပွားရေးရာကော်မတီကိုလည်း တင်ပြ ထားပြီး ဖြစ်ပါတယ်။ စီးပွားရေးရာကော်မတီရဲ့ ဆုံးဖြတ်ချက်အရ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ မှာ ကျင်းပပြုလုပ်တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၁၅/၂၀၁၇)ကိုလည်း တင်ပြ အတည်ပြုချက်လည်း ရရှိပြီးဖြစ်ပါတယ်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအတွက် မြေခွန်ကောက်ခံရာမှာ ကောက်ခံသူအရာရှိ လိုက်နာဆောင်ရွက်ရမယ့်နည်းလမ်းလေးတွေကိုလည်းပဲ ညွှန်ကြားချက်ထုတ်ပြန်နိုင်ဖို့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်တဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနဲ့ အခြားဝန်ကြီးဌာနများဖြစ်တဲ့ ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဟိုတယ်နှင့် ခရီးသွား လာရေးဝန်ကြီးဌာနတို့ရဲ့ အကြံပြုချက်များကိုလည်း တောင်ခံစုစည်းရရှိထားပြီး ဖြစ်ပါတယ်။ ယင်းနှင့်

စပ်လျဉ်းပြီးတော့မှ အနီးဆုံး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အစည်းအဝေးမှာ တင်ပြဆွေးနွေးပြီး မြေခွန်ကောက်ခံရေးဆိုင်ရာ ညွှန်ကြားချက်ကို ထုတ်ပြန် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ယခုလက်ရှိအခြေအနေမှာ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ကောက်ခံရရှိနိုင်ရေးအတွက် ဒီဇင်ဘာလအကုန်မှာ လုပ်ငန်းကို အပြီးသတ်ဆောင်ရွက်ပြီးတော့ ဇန်နဝါရီအတွင်းမှာ လုပ်ထုံးလုပ်နည်း Process အရ ပြေစာရေးသားမှုကို ဆောင်ရွက်ရမှာ ဖြစ်ပါ တယ်။ ပြေစာရေးသားမှုကို ဆောင်ရွက်ပြီးတာနဲ့တစ်ပြိုင်နက် မတ်လအကုန်အပြီး ကောက်ခံသွား မယ့်အခြေအနေများကို စီမံဆောင်ရွက်ထားပြီးဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

သို့ဖြစ်တဲ့အတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှာရှိတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း တွေကို အသုံးပြုခွင့်ပေးထားပြီး မြေခွန်ကောက်ခံထားမှုမရှိကြောင်း သိရတဲ့အတွက် မည်သည့်အချိန် တွင် ကောက်ခံမည်နှင့် ကောက်ခံမယ့်အစီအစဉ် မည်သို့ဆောင်ရွက်ထားရှိသည်ဆိုတဲ့ မေးခွန်းနှင့် ပတ်သက်ပြီး ကင်းလွတ်ခွင့်ကာလကုန်ဆုံးတဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ကိုင်ခွင့်ရသူ တွေကို နည်းဥပဒေပုဒ်မ ၄၀ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မကုန်မီမှာ စတင် ကောက်ခံရေး ဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**လှည်းကူးမြို့နယ်၊ ပုတ်သင်ညိုကျေးရွာ သဘာဝအင်းကြီးသည် ပုဂ္ဂလိကပိုင်အဖြစ် ရောက်ရှိသွား ခြင်းအား ပြန်လည်စိစစ်ပေးပါရန်နှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ လှည်းကူးမဲဆန္ဒနယ်မှ ဦးသိန်းတန် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးသိန်းတန်(လှည်းကူးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့ နှုတ်ခွန်းဆက် သအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ်က ဦးသိန်းတန် ဖြစ်ပါ တယ်။ ကျွန်တော်မေးမြန်းလိုတဲ့မေးခွန်းက လှည်းကူးမြို့နယ်၊ ပုတ်သင်ညိုကျေးရွာ ပြည်သူလူထု အများက နှစ်ပေါင်းများစွာ အသုံးပြုခဲ့တဲ့ သဘာဝအင်းကြီး ပုဂ္ဂလိကပိုင်အဖြစ်ရောက်ရှိသွားခြင်းအား ပြန်လည်စိစစ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့မေးခွန်းပဲဖြစ်ပါတယ်။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုမေးခွန်းပါ ပုတ်သင်ညိုကျေးရွာဟာ တိုက်ကြီး၊ ဖူးကြီး၊ ဖောင်ကြီး၊ ဘုရားကြီး ကြီးလေးကြီးလမ်းနဲ့ တစ်မိုင်ခွဲအကွာမှာရှိပါတယ်။ ပဲခူးရိုးမတောတောင် ကိုအမှီပြုပြီး နှစ်ပေါင်းတစ်ရာကျော်ကတည်းကရှိခဲ့တဲ့ ရွာလည်းဖြစ်ပါတယ်။ တောရိုင်းမြေကို ခုတ်ထွင်ရှင်းလင်းပြီး လယ်ယာဥယာဉ်တောင်ယာများကို လုပ်ကိုင်ခဲ့ကြပါတယ်။ အခြားစီးပွားရေး လုပ်ငန်းများအနေနဲ့ ဝါး၊ ဒနုန်း၊ စလူ၊ ကနဇိုးသီး၊ ရေငန်းသီး၊ ဒညင်းသီး၊ ဇရစ်၊ ဂုံမင်း၊ ဖလံတောင်ဝှေး စတဲ့ သစ်တောထွက်ပစ္စည်းသီးနှံများကို ထုတ်လုပ်၊ ခူးဆွတ်၊ ရောင်းချ၊ စားသောက်ခဲ့တဲ့ တောသူ တောင်သားများ ဖြစ်ကြပါတယ်။ ယခုဆိုရင် ရွာသူရွာသားများရဲ့ စိုက်ပျိုးလုပ်ကိုင်ခဲ့တဲ့ မြေယာများ ဟာ ငမိုးရိပ်ရေလှောင်တမံနဲ့ အမှတ်(၇၀၉)ခြေမြန်တပ်ရင်း တည်ဆောက်ရေးတို့အတွက် သိမ်းဆည်း ခံထားရပါတယ်။ တစ်ဖက်တစ်လမ်းအားထားရတဲ့ သစ်တောထွက်သီးနှံစားပင်များကလည်း ခုတ်လှဲ ပျက်စီးသွားကြပါပြီ။ ယခု ရွာသူရွာသားများ စိုက်ပျိုးမြေကို လက်လွှတ်ဖြစ်နေတဲ့အချိန်မှာ

ရွာပတ်လည်မှာတော့ ပုဂ္ဂလိက ဧရာမစိုက်ပျိုးရေးခြံကြီးတွေ ပေါ်ထွက်လျက်ရှိနေပါတယ်။ ဒါကို ရွာသူရွာသားများက မုဒိတာပွားနိုင်ပေမဲ့ ရွာနဲ့ကပ်လျက် ဧက ၅၀ ကျော်ကျယ်ဝန်းတဲ့ ငှက်ကြီးတောင်အင်းခေါ် တောင်ပအင်းကြီးအား ပူပူနွေးနွေး ပုဂ္ဂလိကလက်ထဲ ရောက်ရှိသွားတာကိုတော့ အလွန်ပဲ စိတ်မချမ်းမသာဖြစ်နေပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရှေးဘိုးဘေးဘီဘင်လက်ထက်ကတည်းက ဒီအင်းကြီးကို ကျွဲရေ၊ နွားရေ၊ နွေစပါးစိုက်ပျိုးရေအဖြစ် အသုံးပြုခဲ့တဲ့အပြင် ငါး၊ ပုစွန် ရှာဖွေစားသောက်ရောင်းချရာမှာလည်း ဒီအင်းကြီးကို အမှီပြုနေရပါတယ်။ တစ်နေ့မှာ ရွာသူရွာသားများက ဒီအင်းကြီးကို သွားရိုးသွားစဉ်အတိုင်းသွားတော့ အင်းပိုင်ဆိုသူက ဟန့်တားခဲ့လို့ ထိပ်တိုက်တွေ့ပြီး ရွာသူရွာသားများနဲ့ အချင်းများကြပါတယ်။ ရွာသားသုံးဦးကို ပုဒ်မ ၄၄၇ နဲ့ တရားစွဲဆိုခြင်းခံခဲ့ရပါတယ်။ ဤအချင်းဖြစ်ပေါ်မှုနဲ့ပတ်သက်လို့ အချင်းဖြစ်နေရာကို သွားရောက်ပြီး ရွာသူရွာသားများနဲ့ တွေ့ဆုံခဲ့တဲ့အပြင် မြို့နယ်မြေစာရင်းရုံးကိုလည်း ငှက်ကြီးတောင်အင်း ပုဂ္ဂလိကပိုင်ဖြစ်ခဲ့တဲ့ဖြစ်စဉ်ကို ၂၅-၆-၂၀၁၆ ရက်နေ့က မေတ္တာရပ်ခံမေးမြန်းခဲ့ရာ ယနေ့တိုင် ဖြေကြားခြင်းမရှိတဲ့အတွက် ယခုလို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် ဆက်လက်တင်ပြခွင့်ပြုပါ။ ဒါဟာ ကျွန်တော်တို့ အဲဒီပုတ်သင်ညိုရွာရဲ့ ပတ်ဝန်းကျင်အနေအထားဖြစ်ပါတယ်။ ဒါဟာ အဲဒီရွာအနားမှာပဲ အဲဒီအင်းဘေးနားမှာပဲရှိတဲ့ နှစ်ပေါင်း ၁၀၀ ကျော်က၊ အင်္ဂလိပ်လက်ထက်ကစိုက်ထားတဲ့ ကျွဲစားကျက်မြေကျောက်တိုင်ပါ။ ဒါကလည်း ခုနပြောတဲ့ စလူခြံ လက်ရှိရှိနေပါသေးတယ်။ ဒါတွေကတော့ အဲဒီ ရွာသူရွာသားတွေနေတဲ့ အိမ်တွေပါ။ ဒါကတော့ ခုနကလို ပုဂ္ဂလိကပိုင်ဖြစ်သွားတဲ့ ငှက်ကြီးတောင်အင်းကြီးပဲဖြစ်ပါတယ်။ အဲဒါ ဧက ၅၀ ကျော်ရှိပါတယ်။ အဲဒီအင်းကြီးကိုဖြတ်ပြီးတော့ ပုဂ္ဂလိကပိုင်ဆိုင်သူဟာ အင်းမြေကိုရော၊ ဘေးကတောင်မြေတွေကိုရော ယူပြီးတော့ လမ်းအဖြစ်သုံးလိုက်ပါတယ်။ အဲဒီအင်းကြီးရဲ့၊ ဒီလမ်းရဲ့အရှည်ဟာ ၄ ဖာလုံလောက်ရှိပါတယ်။ အဲဒီတော့ ဒီအင်းကြီးကို ပတ်ဝိုင်းပြီးတော့၊ ခြံကာပြီးတော့ သံတခါးကိုလည်း လုပ်ထားပါတယ်။ အဲဒီတော့ အဲဒီအနေအထားရှိနေတဲ့အတွက်ကြောင့် ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အနေနဲ့ ယခုဖြစ်ခဲ့တဲ့ ငှက်ကြီးတောင်အင်းရုပ်ပြမြင်ကွင်းဟာ အင်းပိုင်ဆိုင်သူအနေနဲ့ ပီတိဖြစ်စရာဖြစ်ပေမဲ့ ရွာသူရွာသားများကတော့ ဝမ်းနည်းကြေကွဲရာဖြစ်နေပါတယ်။ ဒါကြောင့် ငှက်ကြီးတောင်သဘာဝအင်းကြီး ပုဂ္ဂလိကပိုင်အဖြစ် ရောက်ရှိသွားခြင်းအား ပြန်လည်စိစစ်ပေးပါရန် အစီအစဉ်ရှိ/မရှိသိရှိလိုပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

## ဖြေကြားချက်

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းတန်ရဲ့ မေးခွန်းနဲ့စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နဲ့အတူ ပေါင်းစပ်ရှင်းလင်း

ဖြေကြားပေးပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးမေးခွန်းပါ လှည်းကူးမြို့နယ်၊ ပုတ်သင်ညို ကျေးရွာပြည်သူလူထုက နှစ်ပေါင်းများစွာအသုံးပြုခဲ့တဲ့ သဘာဝအင်းကြီးနေရာဟာ ကွင်းဖွဲ့ တိုင်းတာခြင်းမရှိတဲ့ စာရင်းမြေပုံမရှိသေးတဲ့ (ကြေးတိုင်ပြင်- OSS)မြေနေရာဖြစ်ပါတယ်။ ယခင်က ငှက်ကြီးတောင်ပင်များ ထူထပ်စွာပေါက်ရောက်နေတဲ့ အနိမ့်ပိုင်းမြေနေရာဖြစ်ပြီး ၎င်းမြေနေရာ အပါအဝင် အကျယ်အဝန်းကတော့ ဧရိယာ ၁၆၀၀ ဧကခန့် ရှိပါတယ်။ လွှတ်တော် ကိုယ်စားလှယ်ကြီး မေးခွန်းပါမြေတည်ရှိရာနေရာဟာ ၁၉၂၇-၁၉၂၈ ခုနှစ်မှာ တိုင်းတာခဲ့တဲ့ တစ်လက်မတစ်မိုင်စကေး မြေပုံမှာလည်းပဲ အင်းအဖြစ်ဖော်ပြထားခြင်းမရှိတာကို တွေ့ရှိရပါတယ်။ သစ်ပင်ခြုံနွယ်တွေ ထူထပ်စွာ ပေါက်ရောက်တဲ့ မြေရိုင်း၊ တောရိုင်းမြေနေရာသာဖြစ်ကြောင်း သိရပါသည်။ အဆိုပါနေရာကို ဒေသခံတွေက ငှက်ကြီးတောင်အင်းလို့ ခေါ်ဝေါ်သုံးစွဲကြသော်လည်းပဲ သက်ဆိုင်ရာငါးလုပ်ငန်းဦးစီးဌာန အနေနဲ့ အင်းအဖြစ်သတ်မှတ်ထားခြင်းမရှိတဲ့အလျောက် နှစ်စဉ် အင်းလေလံချထားပေးခြင်းလည်း မရှိပါကြောင်း စိစစ်တင်ပြအပ်ပါတယ်။ အဆိုပါမြေနေရာဟာ အနိမ့်ပိုင်းဖြစ်သော်လည်းပဲ ကျန်ကုန်းမြင့်တွေမှာ တောင်သူတွေဟာ နှစ်ရှည်သီးပင်နှင့် ရော်ဘာပင်များ ဖော်ထုတ်စိုက်ပျိုး လုပ်ကိုင်လျက်ရှိကြောင်း သိရှိရပါတယ်။ ယင်းမြေနေရာတွေမှာ ဧရိယာဧက ၁၆.၆၅ ဧကမှာ ဦးနေလင်းထွန်းဆိုသူက နှစ်ရှည်သီးပင်စိုက်ပျိုးလုပ်ကိုင်ဖို့ လယ်ယာမြေလုပ်ပိုင် ခွင့်ပြုလက်မှတ် ပုံစံရရှိရေးအတွက် လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာပုံစံ(၁)နဲ့ လျှောက်ထားခဲ့ကြောင်း စိစစ်သိရှိရပါတယ်။ ထိုသို့လျှောက်ထားခဲ့တဲ့အတွက် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနမှ ဦးပိုင်ဝိုင်းတိုင်းတာတဲ့အခါမှာ ဧရိယာဧက ၁၆.၆၅ ဧကရှိပြီး ၎င်းဧကကို ပုတ်သင်ညို ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ထောက်ခံချက်အပေါ်မှာ မြို့နယ်လယ်ယာ စီမံခန့်ခွဲမှု အဖွဲ့က ထပ်ဆင့်ထောက်ခံချက်နဲ့ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ကို တင်ပြခဲ့တဲ့ အနေအထား ဖြစ်ပါတယ်။ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အနေနဲ့ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့ ရက်စွဲပါ စာအမှတ်၊ ၁၅၀/လယ-၇/၂၀၁၄ ဖြင့် ခွင့်ပြုခဲ့၍ ၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှာ ဦးနေလင်းထွန်းကို ပုံစံ(၇)ထုတ်ပေးခဲ့ခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။

ဦးနေလင်းထွန်းရဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ရရှိထားတဲ့ ဧရိယာ ၁၆.၆၅ ဧက အတွင်းမှာ အချို့မြေနေရာတွေဟာ မြေအနိမ့်ပိုင်းမှာကျရောက်နေပြီး ရေအနည်းငယ်ဝပ်နေတဲ့အတွက်ကြောင့် ဦးနေလင်းထွန်းဟာ အပြည့်အဝစိုက်ပျိုးခြင်းမရှိဘဲနဲ့ ၅ ဧကခန့်ကိုသာ ပိန္နဲ၊ ကျွဲကော၊ ကျွန်း၊ ပျဉ်းကတိုးစတဲ့ နှစ်ရှည်ပင်များ စိုက်ပျိုးထားကြောင်း စိစစ်တွေ့ရှိရပါတယ်။ ဒေသခံပြည်သူတွေရဲ့ ဆန္ဒအရ သဘာဝအင်းကြီးအဖြစ် ထားရှိလိုပါက မိမိတို့သက်ဆိုင်ရာဌာနကို လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားဆောင်ရွက်ဖို့ တင်ပြလိုပါတယ်။ အင်းအဖြစ်ဖွဲ့စည်းခွင့်ရမယ်ဆိုရင် ဦးနေလင်းထွန်းရဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)မှာရှိတဲ့ ဧရိယာတွေကို လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်က စိစစ်ဆောင်ရွက်စေပြီးတော့ လုပ်ထုံးလုပ်နည်းနှင့်အညီ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ(၇)ဖျက်သိမ်းနိုင်ရေးကို စိစစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။

သို့ဖြစ်တဲ့အတွက်ကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသိန်းတန်ရဲ့ လှည်းကူးမြို့နယ်၊ ပုတ်သင်ညိုကျေးရွာ ပြည်သူလူထုအများက

နှစ်ပေါင်းများစွာအသုံးပြုခဲ့တဲ့ သဘာဝအင်းကြီးသည် ပုဂ္ဂလိကပိုင်အဖြစ်ရောက်ရှိသွားခြင်းအား ပြန်လည်စိစစ် ပေးပါရန်နှင့် စပ်လျဉ်းပြီး သဘာဝအင်းအဖြစ်သတ်မှတ်ပေးဖို့ သက်ဆိုင်ရာဌာနတွေကို လျှောက်ထားရယူပြီး ခွင့်ပြုချက်ရယူသွားဖို့လိုအပ်ပါကြောင်းနှင့် အင်းအဖြစ် ဖွဲ့စည်းခွင့်ရရှိမယ်ဆိုရင် ယင်းမြေနေရာမှာ ထုတ်ပေးထားတဲ့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ပုံစံ(၇)ကို ပြန်လည် ပယ်ဖျက်ရေးအား လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အပါအဝင် ခရိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်မှ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ဖြေကြားချက်နဲ့အတူ ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဦးသိန်းတန်(လှည်းကူးမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါခင်ဗျား။ ကျွန်တော် ၂၀၁၂ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းစီမံခန့်ခွဲရေးဥပဒေမှာ ပြဋ္ဌာန်းထားတဲ့ ပုဒ်မ ၄ မှာဆိုရင် ကျွန်တော်တို့ ဒီ မြေလွတ်၊ မြေလပ်၊ မြေရိုင်းတွေကို လုပ်ပိုင်ခွင့်ရှိတဲ့အကြောင်း စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုလုပ်ငန်း၊ အခြားလုပ်ငန်း။ အဲဒီတော့ ပုဒ်မ ၅ မှာလည်းပဲ ကျွန်တော် တို့ဟာ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံသူတွေ၊ အစိုးရအဖွဲ့တွေ၊ အစိုးရအဖွဲ့အစည်းမဟုတ်သူတွေ လျှောက် ထားနိုင်တယ်ဆိုတဲ့အကြောင်း။ နောက် ပုဒ်မ ၆ မှာ အဲဒီလို ဗဟိုကော်မတီကနေပြီးတော့ လုပ်ပိုင်ခွင့် ပေးတဲ့အခါမှာ ကျွန်တော်တို့ အပိုဒ်(ဂ)မှာ ဆိုထားပါတယ်။ ကြိုးဝိုင်းတောနှင့် ကြိုးပြင်ကာကွယ်တော များဖြစ်သည့် သစ်တောနယ်မြေများကို ထိခိုက်ပျက်စီးမှုမရှိစေရေးနှင့် သဘာဝနယ်မြေများ၊ ရေဝေ ရေလဲဒေသများ၊ သဘာဝအင်းအိုင်များကို ထိန်းသိမ်းနိုင်ရေးတို့အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ရပါမည် လို့ ဆိုထားပါတယ်။ အဲဒီ ဥပဒေပါ ပုဒ်မ ၆ ပုဒ်မခွဲ(ဂ)အရ သစ်တောဝန်ကြီးဌာနရဲ့ သဘောထားခွင့်ပြု ချက်ညှိနှိုင်းမှုရှိခဲ့ပါသလား။ အဲဒီလိုရှိပြီးမှ ကျွန်တော်တို့ ခုန ပုံစံ(၇)ထုတ်ပေးပါသလားလို့ ကျွန်တော် ဆက်စပ်မေးခွန်းမေးလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး အကိုးအကားပြုပြီးမေးသွားတဲ့ ဥပဒေဟာ မြေလွတ်မြေလပ်နဲ့ မြေရိုင်း များ စီမံခန့်ခွဲရေးဥပဒေပါပြဋ္ဌာန်းချက်များကို ကိုးကားမေးသွားတာဖြစ်ပါတယ်။ ယခု ပုံစံ(၇)ထုတ်ပေး ထားတဲ့ကိစ္စက ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနဲ့ ပုံစံ(၇)ထုတ်ပေးထားတဲ့ အနေအထားဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လမ်းကြောင်းလေးနည်းနည်းလွဲနေတဲ့အနေအထားမှာ ဒီလိုကိစ္စရပ်မျိုးကို Case by case စီမံဆောင်ရွက်သွားနိုင်ဖို့အတွက် ကျွန်တော်တို့ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့တွေကို ပြန်လည်စိစစ်ဆောင်ရွက်သွားနိုင်ဖို့အတွက် ဆောင်ရွက်သွား မယ်ဆိုတဲ့အကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ ဆက်စပ်မေးခွန်းနဲ့စပ်လျဉ်းပြီး ပြန်လည် ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**တိရစ္ဆာန်ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းများတွင် တိရစ္ဆာန်မှတစ်ဆင့် လူကိုကူးစက်နိုင်သော ရောဂါများ စစ်ဆေးပေးနိုင်ခြင်းရှိ/မရှိနှင့် မည်သည့်ရောဂါများ စစ်ဆေးဆောင်ရွက်ပေးနေသည်ကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း မေးမြန်းဖို့ဖြစ်ပါတယ်။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ ဦးစွာဂါရဝပြုနှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ဒေါက်တာမင်းသိန်း ဖြစ်ပါတယ်။ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများနှင့် သက်ဆိုင်သောမေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနရဲ့ Myanmar Livestock Statistics ၂၀၁၅-၂၀၁၆ ပါ စာရင်းများအရ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် နွားမွေးမြူထားရှိမှုအနေဖြင့် အကောင်ရေသန်းပေါင်း ၁၆.၅၀၆၆၊ ဆိတ်မွေးမြူထားရှိမှုအနေဖြင့် အကောင်ရေသန်းပေါင်း ၇.၁၉၊ ဝက်မွေးမြူထားရှိမှုအနေ ဖြင့် အကောင်ရေသန်းပေါင်း ၁၆.၃၄၁၈ မွေးမြူထားရှိတယ်လို့ သိရှိရပါတယ်။ အသားထုတ်လုပ်မှု အနေဖြင့် ပိဿာသန်းပေါင်း ၁၈၁၁.၉၄၂၊ ဥထုတ်လုပ်မှုအနေဖြင့် အလုံးရေသန်းပေါင်း ၁၁၅၆၃.၃၃၇၊ နို့ထုတ်လုပ်မှုအနေဖြင့် ပိဿာသန်းပေါင်း ၁၄၅၅.၀၄၅ ထုတ်လုပ်နိုင်တယ်လို့လည်း သိရှိရပါတယ်။ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မွေးမြူရေးထုတ်ကုန်ဖြစ်သော အသား၊ နို့နှင့် ဥ များကို စစ်ဆေးနိုင်ရန် တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းနှင့် တိရစ္ဆာန်အစာနှင့် ဆေးဝါးသုတေသန ဓာတ်ခွဲခန်းများကို အဓိကအားထား ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ရန်ကုန်နှင့် မန္တလေးမြို့ကြီးများ တွင် တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းနှင့် တိရစ္ဆာန်အစားအစာနှင့် ဆေးဝါးသုတေသနဓာတ်ခွဲခန်း များကို အဆင့်မြှင့်တင်ဆောင်ရွက်နေကြောင်းကိုလည်း သိရှိရပါတယ်။ တောင်ကြီး၊ ပုသိမ်၊ ကျိုင်းတုံ၊ လားရှိုး၊ မူဆယ်၊ မြစ်ကြီးနားမြို့များတွင် ဒေသဆိုင်ရာ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများအဖြစ် လည်းကောင်း၊ မကွေးမြို့၊ မုံရွာမြို့၊ ကလေးမြို့၊ ဘားအံမြို့၊ မော်လမြိုင်မြို့နှင့် မြဝတီမြို့များတွင်လည်း တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများ ဖွင့်လှစ်ဆောင်ရွက်ပေးနေကြောင်း သိရှိရပါတယ်။ တိရစ္ဆာန်ရောဂါများကို ရှာဖွေဖော်ထုတ်ပေးနိုင်ခြင်းသည် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရုံ သာမက ပြည်သူများရဲ့ကျန်းမာရေးကို ထိန်းသိမ်းစောင့်ရှောက်ကာကွယ်ပေးနေခြင်း ဖြစ်ပါတယ်။ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန အမိန့်ကြော်ငြာစာအမှတ်(၄၅/၉၉) အခန်း(၅)တွင် အများ ပြည်သူများစားသုံးရန် သတ်ဖြတ်မည့်တိရစ္ဆာန်၏ကျန်းမာရေးစစ်ဆေးခြင်းနှင့် အသားစစ်ဆေးခြင်း တွင် သတ်ဖြတ်ပြီးသော တိရစ္ဆာန်၏အသားနှင့် အစိတ်အပိုင်းတစ်ခုခုတွင် ကူးစက်ရောဂါနှင့် စားသုံးသူ ပြည်သူများ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါပိုးကင်းရှင်းမှု ရှိ/မရှိကို ဦးစီးဌာနတာဝန်ရှိဝန်ထမ်း ၏ စစ်ဆေးမှုကို ခံယူရမည်။ ဦးစီးဌာနတာဝန်ရှိဝန်ထမ်းက ထုတ်ပေးသည့် ကူးစက်ရောဂါနှင့် ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါကင်းရှင်းကြောင်း ထောက်ခံချက်လက်မှတ်ရရှိမှသာ အများ ပြည်သူများ စားသုံးရန် ဖြန့်ဖြူးရောင်းချရမည်လို့ ပါရှိပါတယ်။

မူကြမ်း

တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်း အဖြေများကို ရယူဆောင်ရွက်မှသာ ကာကွယ်ခြင်း၊ ကုသခြင်းလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပိုမို ထိရောက်စေမှာ ဖြစ်ပါတယ်။ စီးပွားဖြစ်မွေးမြူထားသော နို့စားနွားများနှင့် တစ်ပိုင်တစ်နိုင်မွေးမြူ ထားသော နို့စားနွားများကိုလည်း လူကိုကူးစက်နိုင်သောရောဂါများ ကင်းရှင်းကြောင်း စစ်ဆေးပေးရ မှာဖြစ်ပါတယ်။ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများတွင် ပဋိဇီဝဆေးများ၊ ဓာတုဓာတ်ကြွင်းများ ကြွင်းကျန်ခြင်းရှိ/မရှိနှင့် စားသုံးရန် သင့်/မသင့်ကိုလည်း ပြည်သူများသိရှိစေရန် ဓာတ်ခွဲခန်းအဖြေ များကို ရယူဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ ထိုနည်းတူ ကူးစက်ရောဂါနှင့် စားသုံးသူပြည်သူများ ဘေးအန္တရာယ်ဖြစ်စေနိုင်သော ရောဂါကင်းရှင်းခြင်းရှိ/မရှိကို တာဝန်ယူစစ်ဆေးရာတွင်လည်း တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းအဖြေများကို မဖြစ်မနေ ရယူဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါသောကြောင့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် မွေးမြူရေးထုတ်ကုန် ဖြစ်သော အသား၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်းများကို တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများတွင် တိရစ္ဆာန်မှတစ်ဆင့် လူကိုကူးစက်နိုင်သောရောဂါများ စစ်ဆေးပေးနိုင်ခြင်းရှိ/မရှိနှင့် မည်သည့် ရောဂါများ စစ်ဆေးဆောင်ရွက်ပေးနေသည်ကို သိရှိလိုပါသဖြင့် လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးခွန်းမေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ စစ်ကိုင်း တိုင်းဒေသကြီး၊ ရေဦးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာမင်းသိန်းရဲ့မေးခွန်း နှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားပေးပါမယ်။ မိမိတို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနအောက်မှာရှိတဲ့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေနဲ့ ပြည်သူများဘေးအန္တရာယ်ကင်းရှင်း ပြီး အာဟာရပြည့်ဝတဲ့ စားနပ်ရိက္ခာတွေစားသုံးနိုင်ဖို့၊ စားနပ်ရိက္ခာဖူလုံစေရေးအတွက် တိရစ္ဆာန် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းတွေဖြစ်တဲ့ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်း၊ တိရစ္ဆာန် များအား ကုသခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ မွေးမြူရေး နည်းပညာများဖြန့်ဝေခြင်းနှင့် မျိုးရိုးဗီဇမြှင့်တင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းတွေကို ဆောင်ရွက် ပေးလျက်ရှိပါတယ်။

ဒီလိုဆောင်ရွက်တဲ့နေရာမှာလည်းပဲ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ဖို့အတွက် ကျွဲ၊ နွားလည်ချောင်းကွဲရောဂါ၊ ဒေါင့်သန်းရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါ၊ ခွာနာလျှာနာရောဂါ၊ အများအတွက်နဲ့ ဝက်ဝမ်းကျရောဂါ၊ ဝက်ခွာနာလျှာနာရောဂါ၊ ဆိတ်နှင့် ဆင်ဒေါင့်သန်းရောဂါ၊ အပူဒဏ်ခံကြက်လည်လိမ်ရောဂါကာကွယ်ဆေးများ၊ ကျွဲ၊ နွားသားလျှောရောဂါစမ်းသပ်ဆေးများကို ထုတ်လုပ်ပြီး ကာကွယ်ကုသခြင်းနှင့် စီးပွားဖြစ်တိရစ္ဆာန်များမှာ ကူးစက်ရောဂါကာကွယ်ခြင်းနှင့် အိမ်မွေးတိရစ္ဆာန်များရောဂါကာကွယ်ခြင်း၊ ကျန်းမာရေးစောင့်ရှောက်ပေးမှုလုပ်ငန်းများ ဆောင်ရွက် ခြင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါတယ်။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှာ

တိရစ္ဆာန်ရောဂါကာကွယ်ဆေးထုတ်လုပ်တဲ့ ဓာတ်ခွဲခန်းများအဖြစ်နဲ့ ရန်ကုန်နှင့် ပြင်ဦးလွင်မှာရှိပါတယ်။ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းများဖြစ်တဲ့ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ တောင်ကြီး၊ ပုသိမ်၊ လားရှိုး၊ မူဆယ်၊ မြစ်ကြီးနား၊ ကျိုင်းတုံ၊ မုံရွာ၊ မကွေးနှင့် တိရစ္ဆာန်အစားအစာနှင့် ဆေးဝါး သုတေသနဌာနစိတ်(ရန်ကုန်)တို့ကို ဖွင့်လှစ်ထားပြီးတော့ တိရစ္ဆာန်ရောဂါများ ရှာဖွေပေးခြင်းနှင့် တိရစ္ဆာန်အစာနှင့် ဆေးဝါးများ စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ တိရစ္ဆာန်ရောဂါ ရှာဖွေရေး ဓာတ်ခွဲခန်းတွေမှာလည်းပဲ တိရစ္ဆာန်တွေကနေ လူကိုကူးစက်နိုင်တဲ့ရောဂါများဖြစ်တဲ့ ခွေးရူးရောဂါ၊ ဒေါင့်သန်းရောဂါ၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ သားလျောရောဂါ၊ တီဘီရောဂါ၊ ကပ်ပါးသံကောင်ရောဂါတို့နှင့် အခြားကူးစက်ရောဂါတို့ကို စစ်ဆေးခြင်း၊ ကုသမှုအတွက် အကြံပြုခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် မွေးမြူရေးထုတ်ကုန်များဖြစ်တဲ့ အသား၊ ငါး၊ ဥနှင့် နို့ထွက်ပစ္စည်းများကနေ လူမှာအစာအဆိပ်သင့်ခြင်းကိုဖြစ်စေနိုင်တဲ့ ရောဂါပိုးများဖြစ်တဲ့ E-coli၊ Camphylobactor၊ Salmonella ၊ Staphylococcus၊ Clostridiumနှင့် မှိုဆိပ်(Aflatoxin) စစ်ဆေးခြင်းနှင့် ကြက်ဥ၊ ဘဲဥများကို အတုအစစ်ခွဲခြားခြင်းတို့ကိုလည်းပဲ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒါကြောင့် လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းတဲ့ မွေးမြူရေးထုတ်ကုန်များဖြစ်တဲ့ အသား၊ ဥ၊ နို့နှင့်နို့ထွက်ပစ္စည်းများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှာရှိတဲ့ တိရစ္ဆာန်ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတွေမှာ FAO, နယူးဇီလန်အစိုးရနှင့် အောက်စဖိုဒ်တက္ကသိုလ်တို့ရဲ့ အထောက်အပံ့နဲ့ ရောဂါရှာဖွေစစ်ဆေးပေးခြင်းတို့ကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းအပေါ် ပြန်လည်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာမင်းသိန်း(ရေဦးမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်းမေးမြန်းခွင့်ပြုပါခင်ဗျား။ ကူးစက်ရောဂါတွေထဲမှာ လူကိုကူးစက်နိုင်တဲ့ ကြက်တွေမှာ ဖြစ်ပွားတဲ့ ကြက်ငှက်တုပ်ကွေးရောဂါကို ကျွန်တော်တို့နိုင်ငံမှာ စစ်ဆေးပေးနိုင်ခြင်းရှိ/မရှိနှင့် တကယ်လို့ စစ်ဆေးပေးခဲ့တယ်ဆိုလို့ရှိရင် အချိန်ဘယ်လောက်ကြာလဲဆိုတာကို သိပါရစေ။

**ဥက္ကဋ္ဌ**။ ။ ပြန်လည်ဖြေကြားပေးပါ။ မိုက်ပိတ်ပါ။

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းကို ကျွန်တော် အသေးစိတ် စာနဲ့ရေးသားပြီး ပြန်လည်ဖြေကြားပေးပါမယ်။ ကျေးဇူးတင်ပါတယ်။

**အခြေခံလူတန်းစားများနှင့် ကျေးလက်နေပြည်သူများ၏ လူမှုဘဝအထောက်ကူပြုနိုင်သည်အထိ ငါးသယံဇာတ ရှားပါးနေသော အင်းအိုင်များသို့ ငါးမျိုးစိတ်စိုက်ထည့်ပေးရန် အစီအစဉ်ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ဦးလမာနော်အောင် မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးလမာနော်အောင်(အင်ဂျန်းယန်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေ။ ကျွန်တော်ကတော့ ကချင်ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလမာနော်အောင် ဖြစ်ပါတယ်။ ဒီမေးခွန်းကို ကျွန်တော်တို့ မြို့နယ်နဲ့ကျွန်တော်တို့ကချင်ပြည်နယ် ကျေးလက်ဒေသများ၏ လူနေမှုဘဝကို အခြေခံပြီးမေးမြန်းခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ကျွန်တော်တို့ မြန်မာနိုင်ငံသည် မြစ်ချောင်း အင်းအိုင်ပေါများပြီး ငါးသယံဇာတအလွန်ပေါများသော နိုင်ငံဖြစ်ပါတယ်။ ထို့အတူ ကျွန်တော်တို့ ကချင်ပြည်နယ်သည်လည်း မြစ်ချောင်းအင်းအိုင်ပေါများကာ ငါးသယံဇာတအလွန်ပေါများခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရှိ ကျေးလက်နေပြည်သူများသည် မြစ်ချောင်းအင်းအိုင်များတွင် သဘာဝ အလျှောက်ရှင်သန်ပေါက်ဖွားနေသော ငါး၊ ပုစွန်များကို သင့်ရာနည်းဖြင့် ဖမ်းယူပြီး ကျေးလက်နေ လူနေမှုဘဝ၏ ဟင်းလျာအဖြစ်စားသောက်နေထိုင်သော ဓလေ့များရှိကြပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ လူဦးရေထူထပ်လာခြင်း၊ စီးပွားရေး ကြပ်တည်းလာခြင်းတို့ကြောင့် ငါး၊ ပုစွန်များကို နည်းမျိုးစုံဖြင့် ဖမ်းယူစားသောက်လာကြပါတယ်။ ဘတ်ထရီဖြင့် ရှော့တိုက်ခြင်း၊ ဆေးခတ်ခြင်းတို့ကို ငါးသားပေါက်ချိန်မရှောင် ပြုလုပ်လာကြသဖြင့် ငါး သယံဇာတရှားပါးလာနေပါတယ်။ အထူးသဖြင့် ဘတ်ထရီဖြင့် ရှော့တိုက်ဖမ်းဆီးခြင်းသည် ငါးသယံ ဇာတရှားပါးလာခြင်း၏ အဓိကအကြောင်းအရင်းဖြစ်ပါတယ်။ ယခုအခါ ဘတ်ထရီနှင့်ဆိုလာပြားကို လွယ်ကူစွာရရှိနိုင်ပြီဖြစ်၍ လျှပ်စစ်ဓာတ်အားမရှိသော ကျေးလက်များတွင် လွယ်ကူစွာအသုံးပြုနိုင်ပါ တယ်။ သို့ဖြစ်ပါ၍ ကျွန်တော်တို့ ကချင်ပြည်နယ်တွင်သာမက မြန်မာနိုင်ငံအနှံ့တွင် ရှော့တိုက် ဖမ်း ဆီးခြင်းကြောင့် ငါးသယံဇာတရှားပါးလာနေကြောင်း ကြားသိနေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပညာပေးဟောပြောခြင်း၊ စည်းကမ်းချက်ထုတ်ပြန်ပြီး တားမြစ်ခြင်းပြုသော်လည်း လိုက်နာမှုအားနည်းသည်ကို သိရှိရပါတယ်။ သဘာဝအလျောက် ရှင်သန်ပေါက်ဖွားနေသော ငါးများကို လွတ်လပ်စွာဖမ်းယူစားသုံးခြင်းဟု ခံယူပုံရှိကြပါတယ်။ စည်းကမ်းသတ်မှတ်ချက်များသာ ထုတ်ပြီး ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းမရှိပါကလည်း စည်းကမ်းလိုက်နာမှု အားနည်းနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ငါးသားပေါက်ချိန်၊ ငါးသားပေါက်များစိုက်ထည့်ပေးခြင်းနှင့်အတူ ပညာပေးစည်းရုံးခြင်း နှင့် စည်းကမ်းချက်များကိုပါ ထုတ်ပြန်ပါက ရှော့တိုက်မှုနည်းပါးလာကာ လိုက်နာမှုလည်း ရှိလာမည် ဟု ယုံကြည်ပါတယ်။ စစ်ဆေးတားမြစ်ရန်လည်း အထောက်အကူဖြစ်စေမည်ဟု ယူဆပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ နိုင်ငံတစ်ဝန်းရှိ ငါးသယံဇာတရှားပါးနေသော မြစ်ချောင်းအင်းအိုင်များသို့ ငါးမျိုးစိတ်စိုက်ထည့်ပေးကာ သဘာဝ အတိုင်းရှင်သန်စေပြီး အခြေခံလူတန်းစားများနှင့် ကျေးလက်နေပြည်သူများ ဖမ်းယူစားသောက်နိုင်စေ ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝကို အထိုက်အလျောက် အထောက်အကူပြုနိုင်မည် ဟု ယူဆပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အချို့ဒေသများတွင် ငါးမျိုးစိတ်များ စိုက်ထည့်ပေးမှုရှိနေကြောင်း ကိုလည်း သိရှိရပါတယ်။ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုဘဝအထောက် ကူပြုနိုင်သည်အထိ ရည်ရွယ်ပြီး ငါးသယံဇာတရှားပါးနေသော မြစ်ချောင်းအင်းအိုင်များသို့ ငါးမျိုး စိတ်များကို နှစ်စဉ်စိုက်ထည့်ပေးရန် အစီအစဉ်ရှိ/မရှိ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကချင် ပြည်နယ်၊ အင်ဂျန်းယန်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလမာနော်အောင်ရဲ့ မေးခွန်းနှင့်စပ်လျဉ်းပြီး ပြန်လည်ဖြေကြားပေးပါမယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ရေချိုငါးလုပ်ငန်းရေပြင်တွေမှာ ရာသီဥတုဖောက်ပြန်မှုများကြောင့်လည်းကောင်း၊ လူ့တွေရဲ့ ပယောဂ များကြောင့်လည်းကောင်း၊ ငါးသယံဇာတတွေဟာ တစ်စတစ်စ လျော့နည်းလာတဲ့ အနေအထား ရှိပါတယ်။ ထိုလျော့နည်းလာတဲ့ ငါးသယံဇာတတွေကို ပြန်လည်ဖြည့်တင်းနိုင်ဖို့နှင့် ရေရှည် ငါးထုတ် လုပ်နိုင်ဖို့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ရေချိုငါးလုပ်ငန်း ရေပြင်များဖြစ်တဲ့ ဂရန်အင်းတွေနှင့် မြစ်၊ ချောင်း၊ အင်းအိုင်၊ ဆည်ကန် ရေလှောင် တမံတွေအတွင်းမှာ ငါးမျိုးစိုက်ထည့်မှုလုပ်ငန်းကို ၁၉၉၁-၁၉၉၂ ခုနှစ်ကစပြီးတော့ ဆောင်ရွက်ခဲ့တဲ့ အခါမှာ ၂၀၁၁ ခုနှစ် မတ်လအထိ ဆောင်ရွက်ပေးခဲ့မှုရှိပါတယ်။

ဒီလို ငါးမျိုးတွေစိုက်ထည့်တဲ့အခါမှာ ငါးလုပ်ငန်းဦးစီးဌာနပိုင်ရှိတဲ့ ငါးသားဖောက်စခန်းတွေက ထုတ်တဲ့ ငါးမြစ်ချင်း၊ ငါးခုံးမ၊ ရွှေဝါငါးကြင်း၊ ခေါင်းကြီးငါးကြင်း၊ မြက်စားငါးကြင်း၊ ငါးကြင်းဖြူ၊ တီလာ ပီးယား၊ ငါးခေါင်းပွစတဲ့ ငါးတွေကို နှစ်စဉ်လျာထားချက်များသတ်မှတ်ပြီး ငါးမျိုးစိုက်ထည့်ပေးခဲ့ခြင်း ဖြစ်ပါတယ်။ ၂၀၁၁ ခုနှစ် ဧပြီလကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၈၈ ဇယား(၂)အရ ရေချိုးငါးလုပ်ငန်းရဲ့ စီမံခန့်ခွဲမှုကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ကို လွှဲပြောင်းပေးပြီးဖြစ်တဲ့အလျောက် လက်ရှိအခြေအနေမှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့အနေ နဲ့ သက်ဆိုင်ရာ ရေချိုငါးလုပ်ငန်းဥပဒေကို အသီးသီးရေးဆွဲပြဋ္ဌာန်းပြီး မိမိတို့ရဲ့ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ စီမံခန့်ခွဲဆောင်ရွက်လျက်ရှိကြပါတယ်။

ဒါ့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၆(က)နှင့် (ခ)တို့မှာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအနေနဲ့ ယင်းတို့ရဲ့ ဒေသအသီးသီးမှာရှိတဲ့ လက်အောက်

အစိုးရဌာန/အဖွဲ့အစည်းများနှင့် လုပ်ငန်းဆောင်ရွက်မှုတွေကို စီမံခန့်ခွဲကြီးကြပ်ခြင်း၊ လမ်းညွှန်ခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်လျက်ရှိပါတယ်။ ငါးလုပ်ငန်းတွေ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ဂရန်အင်းနှင့် မြစ်ချောင်းအင်းအိုင် ဆည်၊ ကန်၊ ရေလှောင်တမံတွေအတွင်း သဘာဝငါးမျိုးထိန်းသိမ်းခြင်းနဲ့ ငါးမျိုးကောင်းမျိုးသန့်တွေ စိုက်ထည့်ခြင်းကို ငါးနေငါးထိုင်များ ပြုပြင်ထိန်းသိမ်းခြင်းကို ဆက်လက်ကြီးကြပ်ဆောင်ရွက်လျက်ရှိကြပါတယ်။ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ၂၀၁၃-၂၀၁၄ ခုနှစ်ကနေ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ သဘာဝမြစ်ချောင်းတွေ ဧရာဝတီမြစ်၊ ဆည်/ရေလှောင်ကန် တာတမံ၊ စပါးခင်းတွေနဲ့ ဌာနဆိုင်ရာနှင့် ဂရန်အင်းများအတွင်းမှာ စုစုပေါင်းငါးသားပေါက်ကောင်ရေ သိန်း ၇၀၄၁ သိန်းအား ငါးမျိုးစိုက်ထည့်ခဲ့မှုကို ဆောင်ရွက်ခဲ့ပါကြောင်းနှင့် ယင်းလုပ်ငန်းစဉ်ကိုလည်းပဲ ဆက်လက်စီမံဆောင်ရွက်လျက်ရှိပါကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းအပေါ်မှာ ပြန်လည်ရှင်းလင်းဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် ပြီးပါပြီ။

## ဦးအောင်ခင်ဝင်း၊ မြိုင်မဲဆန္ဒနယ်က ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန် ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို တင်သွင်းခြင်းနှင့် လက်ခံ ဆွေးနွေးရန် သင့်/မသင့် အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်းက အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ ဦးအောင်ခင်ဝင်းအား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်ခင်ဝင်း(မြိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ မြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်း ဖြစ်ပါတယ်။ ကျွန်တော်တင်သွင်းမှာကတော့ ရှေ့လာမည့် အနာဂတ်တွင် ရိုက်နှိပ်ထုတ်ဝေရန်ရှိလာမည့် ငွေစက္ကူများပေါ်၌ ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံနှင့် ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်အခု အဆိုတင်သွင်းမယ့်ကိစ္စမျိုးကို သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်ကလည်း ၂၂-၁၁-၂၀၁၆ ရက်နေ့ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး ပဉ္စမနေ့မှာ မေးခွန်းမေးမြန်းခဲ့ပါတယ်။ ဦးကံမြင့်ကတော့ ငွေစက္ကူအားလုံးအတွက် အသစ်ရိုက်နှိပ်ထုတ်ဝေပြီး ပြောင်းလဲသုံးစွဲသွားရန်ဖြစ်ပါတယ်။ အဲဒါကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကလည်း ငွေစက္ကူအသစ်ရိုက်နှိပ်ထုတ်ဝေမယ်ဆိုရင် လှည့်လည်သုံးစွဲလျက်ရှိသော ငွေပမာဏများကို လဲလှယ်ပေးနိုင်ရန်အတွက် လှည့်လည်သုံးစွဲလျက်ရှိသော ငွေပမာဏနီးပါးကို မှာကြားရိုက်နှိပ်သိလှောင်ထားရမှာဖြစ်တဲ့အကြောင်း လက်ရှိလှည့်လည်သုံးစွဲလျက်ရှိသော ငွေစက္ကူများကို ဖျက်ဆီးပစ်ရမှာဖြစ်ကြောင်း ကုန်ကျငွေမှာ ၁၀၀ ဘီလီယံကနေ ၃၀၀ ဘီလီယံအထိရှိနိုင်ကြောင်း ဖြေကြားသွားပါတယ်။ ကျွန်တော့်အဆိုကတော့ အဲဒီအနေအထားနဲ့လုံးဝမတူပါဘူး။ ငွေစက္ကူဆိုတာ လူတိုင်းရဲ့လက်ထဲမှာ ကိုင်တွယ်သုံးစွဲနေတာဖြစ်လို့

နှစ်ကြာရှည်သုံးစွဲလာတဲ့အခါမှာ ဟောင်းနွမ်းခြင်း၊ စုတ်ပြဲခြင်း၊ ရေနစ်လို့ပျက်စီးခြင်း၊ မီးလောင်လို့ ပြာဖြစ်ခြင်း စသည့်ပျက်စီးခြင်းအမျိုးမျိုးကြောင့် လျော့နည်းသွားမှုရှိလာမှာကတော့ သေချာပါတယ်။ အဲဒီလိုပျက်စီးလို့လျော့နည်းသွားမှုများကို အစားထိုးတဲ့အခါဖြစ်စေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရဲ့ ဦးကံမြင့်မေးခွန်းအပေါ်မှာ ဖြေကြားချက်အရ လုံခြုံရေးအဆင့်အတန်း တိုးမြှင့်ထုတ်ဝေသောအခါ ဖြစ်စေ၊ အရွယ်အစားသစ်နဲ့ထုတ်ဝေသောအခါဖြစ်စေ ရှေ့အနာဂတ်တွင်ထုတ်ဝေမည့်အခါတိုင်း ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများနှင့်ထုတ်ဝေသွားဖို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဖြေကြား ချက်အရ ၂၀၀၉ ခုနှစ်မှာ ၅၀၀၀ ကျပ်တန်ငွေစက္ကူများ၊ ၂၀၁၂ ခုနှစ်မှာ ၁၀၀၀၀ ကျပ်တန်ငွေစက္ကူ များ၊ ၂၀၁၄ ခုနှစ်မှာ အရွယ်အစားသစ်နဲ့ ၂၀၀ ကျပ်တန်ငွေစက္ကူ ၅၀၀ ကျပ်တန် ငွေစက္ကူ ၁၀၀၀ ကျပ်တန်ငွေစက္ကူများ၊ ၂၀၁၄ ခုနှစ်၊ ၂၀၁၅ ခုနှစ်မှာ လုံခြုံရေးအဆင့်အတန်းတိုးမြှင့်တဲ့ ၅၀၀၀ ကျပ်တန်ငွေစက္ကူနှင့် ၁၀၀၀၀ ကျပ်တန်ငွေစက္ကူများကို ထုတ်ဝေခဲ့ကြောင်း သိရှိရပါတယ်။

အဲဒီလို ၈ နှစ်ကျော်အတွင်းမှာ ၅ ကြိမ်ရိုက်နှိပ်ထုတ်ဝေခဲ့ပါတယ်။ နှစ်နှစ်၊ သုံးနှစ် တစ်ကြိမ်လောက်ထုတ်ဝေခဲ့တာတွေ့ရပါတယ်။ ယခုလည်းပဲ ရိုက်နှိပ်ထုတ်ဝေရခါနီးပြီးလို့ ယူဆရပါ တယ်။ ဒါကြောင့် ၂၀၀၇ ခုနှစ်မှစ၍ နောက်ပိုင်း ရိုက်နှိပ်ထုတ်ဝေမည့် ငွေစက္ကူများကို ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံမျိုးစုံထဲမှ သင့်လျော်သည့်ပုံများနဲ့ရိုက်နှိပ်ထုတ်ဝေသွားရန်ဖြစ်ပါတယ်။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဖြေကြားချက်တစ်ခုမှာ ငွေစက္ကူပုံစံအမျိုးမျိုးရှိနေရင် ပြည်သူများက ငွေစက္ကူများအပေါ်မှာ ယုံကြည်အားနည်းလာနိုင်ကြောင်း ငွေစက္ကူအပေါ်မှာ မရေမရာ၊ ဇဝေဇဝါ ဖြစ်လာနိုင်ကြောင်းကိုလည်း ဖြေကြားထားပါတယ်။ ဒီအတွက် စိုးရိမ်ပူပန်စရာမလိုပါ။ ရှေ့အနာဂတ်မှာ ဗိုလ်ချုပ်ရုပ်ပုံပါငွေစက္ကူများထွက်လာပါက ဗိုလ်ချုပ်ရုပ်ပုံပါငွေစက္ကူများကို လက်ဝယ်ထားရှိပြီး ယခင်ငွေစက္ကူများကိုသာ အရင်သုံးပစ်ကြမှာသေချာပါတယ်။ ဗိုလ်ချုပ် အောင်ဆန်းရုပ်ပုံပါ ငွေစက္ကူများကို မကိုင်ရသည့်မှာ၊ အဖျောက်ဖျက်ရခံရသည့်မှာ ဆယ်စုနှစ် သုံးပြန်လောက်ရှိခဲ့ပါပြီ။ ဒါကြောင့် ဗိုလ်ချုပ်ရုပ်ပုံနဲ့ထုတ်ဝေမယ့် ငွေစက္ကူများကတော့ ယုံကြည်မှု အားကောင်းပြီး မရေမရာဇဝေဇဝါမဖြစ်တာကတော့ သေချာပါတယ်။ ယခုထုတ်ဝေသော ဆင်နှင့် ခြင်္သေ့ပုံငွေစက္ကူများကို ကိုင်တွယ်ချင်သူနည်းပြီး ဗိုလ်ချုပ်ပုံပါ ငွေစက္ကူများကိုသာ ကိုင်တွယ်ချင် လာမှာကတော့ အထူးတလည်ပြောစရာလိုမယ်မထင်ပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ဒီကိစ္စကို အဆိုအဖြစ်တင်သွင်းရတာကတော့ ငွေစက္ကူပုံစံများ နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေပုဒ်မ ၆၅ မှာ ဗဟိုဘဏ်က ငွေစက္ကူများနှင့် ဒင်္ဂါး များရဲ့တန်ဖိုး၊ အဆင်အပြင်၊ ဖွဲ့စည်းပါဝင်တဲ့ ဝတ္ထုပစ္စည်း၊ အခြားခွဲခြားနိုင်သော လက္ခဏာများကို အစိုးရအဖွဲ့ရဲ့သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်ဟုလည်းကောင်း၊ ဗဟိုဘဏ်ဥပဒေပုဒ်မ ၆၆ မှာ ဗဟိုဘဏ်ဟာ မည်သည့်ငွေစက္ကူအမျိုးအစားကိုမဆို ပြောင်းလဲသုံးစွဲရန်လိုအပ်ပါက အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ရသည်ဟုလည်းကောင်း၊ ယင်းဆောင်ရွက်ချက်အခြေအနေများကို အနီးစပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြအတည်ပြုချက်ရယူရမည် ဟုလည်းကောင်း ပြဋ္ဌာန်းထားသည့်အတွက် အစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်ကသာ အဓိက ကျနေသောကြောင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းရခြင်းဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေစက္ကူများရိုက်နှိပ်ထုတ်ဝေရာ ရှေ့လာမည့် အနာဂတ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများနှင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်။ နောက်ဆုံးအနေနဲ့ ယခင်က ဗိုလ်ချုပ်ရုပ်ပုံပါ ငွေအကြွေစေ့များနှင့် ငွေစက္ကူများကို Power Point နဲ့တင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point အသုံးပြုခွင့်ပြုပါခင်ဗျား။ ဒါယခင်ကထုတ်တဲ့ ငွေအကြွေစေ့နှင့်ငွေစက္ကူများဆိုပြီး ကျွန်တော် အခုပြန်ကြည့်တဲ့ အချိန်အခါမှာ ငွေအကြွေစေ့ ငါးပြားစေ့၊ ဆယ်ပြားစေ့နဲ့ ၂၅ ပြားစေ့၊ ၅၀ ပြားစေ့တို့ဟာ ကျွန်တော် Power Point မှာမပါလာတော့ပါဘူး။ အဲဒါကိုတော့ အားလုံးခွင့်လွှတ်ပေးကြပါလို့ ကျွန်တော်တင်ပြလိုပါတယ်။ ဒါကတော့ တစ်ကျပ်တန်ငွေစက္ကူတွေပါ။ အောက်က စံလေးမောင်ကောင်းခေတ်က တစ်ကျပ်တန်ငွေစက္ကူပါ။ ဒါကလည်း တစ်ကျပ်တန်ငွေစက္ကူတွေပါ။ ဒါက ငါးကျပ်တန်ငွေစက္ကူပါ။ အပေါ်က စံလင်းမောင်ကောင်းခေတ်က စံလင်းရွက် ငါးကျပ်တန်ပါ။ ဒါကလည်း ငါးကျပ်တန် ငွေစက္ကူပါ။ ဒါက တစ်ဆယ်တန်ငွေစက္ကူပါ။ အပေါ်က စံလင်းမောင်ကောင်းခေတ်က စံလင်း ငွေစက္ကူတစ်ဆယ်တန်ဖြစ်ပါတယ်။ ဒါ တစ်ဆယ့်ငါးကျပ်တန် ငွေစက္ကူပါ။ ဒါက ငါးဆယ်ကျပ်တန် စံလင်းမောင်းကောင်းခေတ်က စံလင်းငွေစက္ကူပါ။ ဒါက တစ်ရာကျပ်တန် စံလင်းငွေစက္ကူပါ။ ဒါကတော့ တစ်ရာကျပ်တန်ငွေစက္ကူပါပဲ။ လက်မှတ်ထိုးထားတာ ဘာမှမရှိပါဘူး။ ဒါကတော့ တရားမဝင်ကြေညာခံရတဲ့ သိတဲ့အတိုင်း ၂၅ ကျပ်တန်ဗိုလ်ချုပ်ရုပ်ပုံပါ ငွေစက္ကူပါ။ ဒါက တရားမဝင်ကြေညာခံရတဲ့ ၃၅ ကျပ်တန်ငွေစက္ကူပါ။ ဒါကတော့ ၇၅ ကျပ်တန်ငွေစက္ကူပါ။ ဗိုလ်ချုပ်လည်း ဒီငွေစက္ကူအပေါ်မှာတော့ ကျွန်တော်လည်း ဒီလှမ်းကြည့်ရတာတော့ နှုတ်ခမ်းစူနေပါတယ်။ ကျေနပ်မှုမရှိဘူးနဲ့တူပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ခင်ဝင်း တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအားဖိတ်ခေါ်ပါတယ်။

**ဦးကံမြင့်(သရက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးပဲ မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ သရက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကံမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ မြိုင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းရဲ့အဆိုအား ထောက်ခံဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကမ္ဘာတစ်လွှားမှာ နိုင်ငံအများအပြားမှ ငွေစက္ကူတွေထုတ်ယူသုံးစွဲကြရမှာ ပြည်တွင်းပြည်ပလက်ခံကြတဲ့အတိုင်းအတာအပေါ်မူတည်ပြီး လှည့်လည်သုံးစွဲကြပါတယ်။ ငွေစက္ကူတွေရဲ့မျက်နှာစာမှာ အများအားဖြင့် ဘုရင်တွေ၊ ဘုရင်မတွေ၊ နိုင်ငံ့ခေါင်းဆောင်တွေ၊ အာဇာနည်တွေ၊ ကောင်းသတင်းထင်ရှားကျော်ကြားသူတွေ၊ ပညာရှင်တွေ စသဖြင့် နိုင်ငံ့သမိုင်းစာမျက်နှာတွေအပေါ်မှာ တင့်တယ်ဝင့်ထယ်စွာနေရာယူခဲ့ကြသူတွေရဲ့ ရုပ်ပုံလွှာတွေကို လေးစားကြည်ညိုမြတ်နိုးစွာ ဂုဏ်ပြုနေရာပေးထားကြပါတယ်။

အမေရိကန်နိုင်ငံမှာဆိုရင် အမေရိကန်ငွေစက္ကူတွေအပေါ်မှာ ဂျော့ဝါရှင်တန်၊ သောမတ်ဂျဖဆင်၊ အီဖရိုင်ရယ်လင်ကွင်း၊ အန်ဒရူးဂျဆင် ရုပ်ပုံတွေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ မော်စီတုန်း၊ အိန္ဒိယနိုင်ငံ ငွေစက္ကူပေါ်မှာ မဟတ္တမဂန္ဒီရုပ်ပုံတွေ၊ ထိုင်းနိုင်ငံငွေစက္ကူပေါ်မှာ ဘူမိဘော

အဒူလာရက်တို့ရဲ့ ပုံတွေကို တွေ့မြင်နိုင်ပါတယ်။ အဲဒီတော့ ရုပ်ပုံများဟာ နိုင်ငံ့ခေါင်းဆောင်များ၊ ကောင်းသတင်းထင်ရှားကျော်ကြားသူတွေရဲ့ ရုပ်ပုံတွေနဲ့ ရိုက်နှိပ်ထားတဲ့အတွက် အင်မတန်ကျက်သရေရှိပြီး ဘာကြောင့် ဒီငွေစက္ကူတွေအပေါ်မှာ ဒီလိုရုပ်ပုံတွေရိုက်နှိပ်ထားသလဲလို့ မေးသူရှိလာတဲ့အခါမှာ ရင်ကော့ခေါင်းမော့ပြီး ဂုဏ်ယူစွာနဲ့ ဖြေကြားတဲ့အခါမှာ ထိုလွှမ်းလာတဲ့ပီတိက ဘာနဲ့မှ မလဲနိုင်သော အရာဖြစ်ပြီး ဂုဏ်ပြုသင့်ဂုဏ်ပြုထိုက်သူတွေကို မေ့မနေဘဲ ထိုက်သန်စွာဂုဏ်ပြုခြင်းဟာ အနာဂတ်ကို ပြုစုပျိုးထောင်ခြင်းဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းဟာ ရိုးသားဖြောင့်မတ်မှု၊ သစ္စာရှိမှု၊ ဇွဲရှိမှု၊ အများအကျိုးဆောင်ရွက်လိုမှု၊ တိုင်းပြည်နဲ့လူမျိုးအပေါ် သူ့ကျွန်ဘဝမှ လွတ်မြောက်လိုမှု စတဲ့ စိတ်ဓာတ်တွေရှိပါတယ်။ မစွန့်ဘဲနဲ့ စားတဲ့သူတွေရှိပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းကတော့ စွန့်ပြီးမစားတဲ့ခေါင်းဆောင်ဖြစ်ပါတယ်။ စာနာမှု၊ ညှာတာမှု၊ ကိုယ်ကျိုးစွန့်မှု၊ အနစ်ခံမှုဟာလည်း အနှိုင်းမဲ့လူသားဖြစ်ပါတယ်။ မြန်မာပြည်သူများဟာ ခေါင်းဆောင်ကောင်းကို ငတ်မွတ်ခဲ့ကြပါတယ်။ ပြည်သူ့သူရဲကောင်းကို မျှော်ကိုးခဲ့ကြပါတယ်။ အရပ်စကားနဲ့ပြောရရင် မင်းလောင်းမျှော်ခဲ့ကြပါတယ်။ ဂျမန်ကဗျာဆရာ ပြဇာတ်ဆရာကြီး ဘားတော့ဘရပ်၏ စကားဖြင့်ပြောရလျှင် သူရဲကောင်းမရှိတဲ့နိုင်ငံဟာ ဝမ်းနည်းစရာကောင်းလှပါတယ်။ သူရဲကောင်းကိုမျှော်လင့်နေရတဲ့နိုင်ငံကတော့ ပိုပြီးဝမ်းနည်းစရာကောင်းတယ်လို့ ပြောလို့ရပါတယ်။

၁၈၂၄ ခုနှစ်မှ ၁၈၈၆ ခုနှစ်အလွန်ကာလများတစ်လျှောက်လုံး ကျွန်တော်တို့ မြန်မာပြည်သူလူထုဟာ တစ်ပါးကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် နည်းမျိုးစုံဖြင့် ကိုလိုနီနယ်ချဲ့ကို တွန်းလှန်တိုက်ခိုက်ရင်း သူရဲကောင်းကိုမျှော်လင့်ခဲ့ကြပါတယ်။ ကျွန်တော်တို့ မျှော်လင့်ထားတဲ့အတိုင်း ဗိုလ်ချုပ်အောင်ဆန်းကို ရခဲ့ပေမဲ့ ကောက်ကျစ်ယုတ်မာပက်စက်တဲ့လူတွေရဲ့ လက်ချက်ကြောင့် ခေါင်းဆောင်ရဲ့အသက်ဝိညာဉ်ဆုံးရှုံးခဲ့ရသလို ယခုအချိန်အထိ ဗိုလ်ချုပ်ရဲ့သမိုင်း၊ ဗိုလ်ချုပ်ရဲ့ ဂုဏ်ထူးဝိသေသ၊ အာဇာနည်စိတ်ဓာတ်၊ အမှန်တရား၊ အရှိတရားတွေကို ဖျောက်ဖျက်ပျောက်ပျက်အောင် လုပ်နေကြတာ အင်မတန်မှ ဝမ်းနည်းစရာကောင်းလှပါတယ်။ ကျွန်တော်တို့ရဲ့ဗိုလ်ချုပ်ဟာ သီရဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်မှထုတ်ဝေတဲ့ ပညာရှိပါမှပွဲဖြစ်သည်ဆိုသလို ရှားလေးရှားဝင်ဖြစ်ပါတယ်။ သသေသုသဟာသေသုသော ရဲဝံ့စွန့်စားမှု၊ ရဲစွန်းသတ္တိရှိသူဟာ တစ်ရာမှာ တစ်ယောက်တည်း ပေါ်ပေါက်ခဲပါတယ်။ သဟာသေသု ပန္ဍိတော ဉာဏ်အမြော်အမြင်ရှိသူဟာ တစ်ထောင်မှာ တစ်ယောက် ပေါ်ပေါက်ခဲပါတယ်။ ဝတ္တာပရ သဟာသေသု နှုတ်အစွမ်းရှိသူဟာ တစ်သိန်းမှာတစ်ယောက် ပေါ်ပေါက်ခဲပါတယ်။ ဒါတာပါတိ ဒုလ္လဘာ စွန့်လွှတ်နိုင်စွမ်းရှိသူဟာ တစ်မြေမှာတစ်ယောက်ပဲ ပေါ်ပေါက်ခဲပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ငွေစက္ကူနဲ့ပတ်သက်လို့ မြန်မာနိုင်ငံမှာလည်း တစ်ချိန်က အလွန်တရာကျက်သရေရှိပြီး ရင်ကော့ခေါင်းမော့ပြီး ဂုဏ်ယူစွာဖြေကြားနိုင်တဲ့ အမျိုးသားအာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့ ရုပ်ပုံပါတဲ့ ငွေစက္ကူထုတ်ယူသုံးစွဲခဲ့ရပါတယ်။ ယခုမျက်မှောက်ကာလမှာတော့ ကမ္ဘာ့အလယ်မှာ နိုင်ငံအတွက်ဂုဏ်ယူဝံ့ကြွားနိုင်မှုမရှိတဲ့၊ ရင်ကော့ခေါင်းမော့နိုင်မှုမရှိတဲ့ ဆင်ရုပ်၊ ခြင်္သေ့ရုပ်များဖြစ်တဲ့ တိရစ္ဆာန်တွေရဲ့ပုံတွေကို ကျွန်တော်တို့ရဲ့ အိတ်ကပ်တွေထဲမှာထည့်ထားရတာ တွေးမိတိုင်း စိတ်မကောင်းစရာ၊ ရှက်စရာကောင်းလှပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ နိုင်ငံ့ခေါင်းဆောင်တွေ၊ ကောင်းသတင်းထင်ရှားကျော်ကြားသူတွေရဲ့ ရုပ်ပုံတွေပါတဲ့ ငွေစက္ကူတွေကို မြင်ရတဲ့အနာဂတ်လူငယ်တွေအနေနဲ့လည်း လေးစားစွာဖြင့် ဂုဏ်ယူခြင်းတွေနဲ့အတူ အားကျခြင်း၊ အတုခိုးခြင်းတွေဖြစ်လာပါမယ်။ အလားတူ ပြည်သူ့ခေါင်းဆောင်ဖြစ်စေခြင်းအလို့ငှာ ကြိုးစားလာကြပါလိမ့်မယ်။ သူတစ်ထူးရဲ့ကျေးဇူးကိုသိတတ်ခြင်းက ကောင်းခြင်းမင်္ဂလာပါ။ ဂုဏ်ပြုသင့်တဲ့သူတွေကို ထိုက်ထိုက်တန်တန်ဂုဏ်ပြုခြင်းကလည်း ကောင်းသောဆောင်ရွက်မှုဖြစ်ပါတယ်။ ဒါကြောင့် ရှေ့အနာဂတ်ကာလမှာ ရိုက်နှိပ်ထုတ်ဝေရန် ရှိလာမယ့်ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန်တိုက်တွန်းကြောင်း မြိုင်မဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ခင်ဝင်းရဲ့အဆိုအား လေးလေးနက်နက်ထောက်ခံကြိုဆိုလိုက်ရပါတယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြိုင်မဲဆန္ဒနယ်မှ ဦးအောင်ခင်ဝင်း တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံထားပါတယ်။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၃) အရ လက်ခံဆွေးနွေးရန်သင့်/မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးအောင်ခင်ဝင်းတင်သွင်းတဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူမရှိတဲ့အတွက် ဦးအောင်ခင်ဝင်း၊ မြိုင်မဲဆန္ဒနယ်ကတင်သွင်းတဲ့ ရှေ့အနာဂတ်ကာလတွင် ရိုက်နှိပ်ထုတ်ဝေရန် ရှိလာမည့် ငွေစက္ကူများပေါ်တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်ပုံများဖြင့် ရိုက်နှိပ်ထုတ်ဝေရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်းအဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ဦးအောင်ခင်ဝင်း၊ မြိုင်မဲဆန္ဒနယ်က တင်သွင်းသောအဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုနဲ့စပ်လျဉ်းပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၈ နည်းဥပဒေခွဲ(ခ) နည်းဥပဒေခွဲငယ်(၅)အရ ဆွေးနွေးမယ့်လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ၃၀-၁၀-၂၀၁၇ ရက်(တနင်္လာနေ့) ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းကြရန် ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီအဆိုနှင့်စပ်လျဉ်းပြီး ပြောမယ်ဆိုလို့ရှိရင် ခုန အဆိုရှင်ဆွေးနွေးသွားတဲ့အထဲမှာ ပါပါတယ်။ သရက်မဲဆန္ဒနယ်က ဦးကံမြင့်က မေးခွန်းမေးမြန်းခဲ့ဖူးတာရှိတယ်လို့ ပါပါတယ်။ ကျွန်တော်တို့အနေနဲ့ မေးခွန်း မေးမြန်းပြီးတဲ့ကိစ္စကို မေးခွန်းဖြစ်နေတယ်။ အဆိုဟာ ဆွေးနွေးပြီးတဲ့အဆိုတစ်ရပ်တစ်ခုမဟုတ်လို့ လွှတ်တော်က ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်။ ဆွေးနွေးပြီးတဲ့အဆိုတစ်ရပ် သဘောထားချင်းတူမယ်၊ သဘောသဘာဝချင်း

တူမယ်ဆိုရင်တော့ ကျွန်တော်တို့ ခွင့်ပြုမှာမဟုတ်ပါဘူး။ ဒါကို ကိုယ်စားလှယ်များအားလုံးလည်း သိစေချင်ပါတယ်။ ဒီလိုပဲ ထိုနည်းတူပဲ အဆိုနှင့်ပတ်သက်တဲ့ စည်းကမ်းချက်တွေ၊ ကန့်သတ်ချက်တွေ ရှိပါတယ်။ ဥပမာပြောမယ်ဆိုလို့ရှိရင် နည်းဥပဒေ ၃၉ နည်းဥပဒေခွဲ(ခ)မှာ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေး၊ အချင်းချင်းရိုင်းပင်းကူညီရေး၊ ချစ်ကြည်လေးစားရေးကို ထိခိုက်ပျက်ပြားစေတဲ့ကိစ္စမျိုး။ နောက်တစ်ခုက နည်းဥပဒေ ၁၅၇ နည်းဥပဒေခွဲ(က)မှာဆိုလို့ရှိရင်လဲ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးဆိုတဲ့ကိစ္စမျိုး။ နောက်ကျွန်တော်တို့ နည်းဥပဒေ ၁၅၇ နည်းဥပဒေခွဲ(င)မှာဆိုရင် နိုင်ငံရေး ကိစ္စကို ဘာသာ၊ သာသနာကိစ္စနှင့် ရောယှက်တင်သွင်းသည့် အဆိုမဖြစ်စေရဆိုတဲ့ကိစ္စမျိုး။ နောက်တစ်ခုက နည်းဥပဒေ ၃၉ နည်းဥပဒေခွဲ(ဃ)မှာဆိုရင် နိုင်ငံရေးပါတီတစ်ခုခုကို ထိပါးပုတ်ခတ် ပြောဆိုခြင်းမပြုရဆိုတဲ့ကိစ္စမျိုး။ ဒါမျိုးတွေကျလို့ရှိရင် ကျွန်တော်တို့အနေနဲ့ လွှတ်တော်ဥက္ကဋ္ဌ တစ်ယောက်က လွှတ်တော်ကို စည်းကမ်းသေဝပ်စွာ ကြီးကြပ်ရတဲ့တာဝန်ရှိပါတယ်။ ဒီတာဝန်ကို ကျေပွန်စွာထမ်းဆောင်ဖို့ဆိုရင် ဒီလိုအဆိုနဲ့ပတ်သက်တဲ့ စည်းကမ်းချက်တွေ၊ ကန့်သတ်ချက်တွေ ကိုလည်း စိစစ်ရတာရှိပါတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာတော့ပြောမယ်ဆိုလို့ရှိရင် နည်းဥပဒေ ၁၅၇ နည်းဥပဒေခွဲ(စ)မှာဆိုရင် ဥက္ကဋ္ဌကခွင့်မပြုရသေးတဲ့ မည်သည့်အဆိုကိုမျှ ထုတ်ပြန်ကြေညာခြင်း မပြုရဆိုတဲ့ဟာကိုလည်း ကိုယ်စားလှယ်များအနေနဲ့ လိုက်နာကြရ မယ့်တာဝန်ရှိပါတယ်။ ထို့အတူပဲ ၁၆၃ (၅)မှာဆိုလို့ရှိရင် လွှတ်တော်တွင် တင်သွင်းဆွေးနွေးခြင်းကို ခွင့်မပြုနိုင်သေးသော ကိစ္စတစ်ရပ် မဖြစ်ရဘူးဆိုတဲ့ဟာမျိုးလည်းရှိပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ ကိုယ်စားလှယ်တွေအနေနဲ့ လည်း အဆိုကို တင်သွင်းတဲ့၊ ဆွေးနွေးတဲ့အခါမှာ အဆိုနဲ့ပတ်သက်တဲ့ကန့်သတ်ချက်၊ စည်းကမ်းချက် ဆွေးနွေးရမယ့်ကျင့်ဝတ်တွေကို လေးစားလိုက်နာဖို့ ဒီနေရာကနေ ကျွန်တော်တစ်ပါတည်း အသိပေး လိုပါတယ်။

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးခြင်း၊ ဥပဒေကြမ်း ကော်မတီက အစီရင်ခံစာတင်သွင်းခြင်းနှင့် ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် ကိုယ်စားလှယ်များအမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့ တင်ပြခြင်း**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ပေးပို့လာသော လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို ၁၈-၈-၂၀၁၇ ရက်နေ့တွင် လက်ခံရရှိခဲ့ပါတယ်။ ကိုယ်စားလှယ်များ လေ့လာနိုင်ရန် ဥပဒေကြမ်းမိတ္တူကိုလည်း ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြည်သူ့ လွှတ်တော် ဥပဒေကြမ်းကော်မတီက အစီရင်ခံစာ တင်သွင်းဖို့ဖြစ်ပါတယ်။ အစီရင်ခံစာ တင်သွင်းရန် ဥပဒေကြမ်းအား ဖိတ်ခေါ်ပါတယ်။

**ဦးပါထန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ချင်းပြည်နယ်၊ မတူပီမြို့နယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပါထန်းဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်

ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးချက်အရ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာတင်ပြချက်ကို ဖတ်ကြားမှာဖြစ်ပါတယ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြည်သူ့လွှတ်တော်

# ဥပဒေကြမ်းကော်မတီ

စာအမှတ်၊ ၀၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၃၀၂

ရက်စွဲ ၊ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၀ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၁၈-၈-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၇ - ၄၄၄

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၅-၇-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၈-၈-၂၀၁၇ ရက်နေ့တွင် အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနသည် ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်(၁၁)ဖြင့် ပြဋ္ဌာန်းခဲ့သောလယ်ယာမြေဥပဒေ၏ အားနည်းချက်များအပေါ် သုံးသပ်၍ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည်-

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၃-၁၀-၂၀၁၇ ရက်နေ့နှင့် ၁၆-၁၀-၂၀၁၇ ရက်နေ့တို့တွင် ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများကို ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများအရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များကို အောက်ပါအတိုင်း

တင်ပြထားတာဖြစ်ပါတယ်။ တင်ပြချက်ဇယားကိုတော့ လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီး ဖြစ်ပါသဖြင့် အချိန်ကိုငဲ့ညှာသောအားဖြင့် ဖတ်ကြားခြင်းမရှိတော့ပါ။

၄။ သို့ဖြစ်ပါ၍ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၆၁ အရ စိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။ ဥပဒေကြမ်းကော်မတီ။ အားလုံးကို ကျေးဇူးတင်ပါတယ်။

[အစီရင်ခံစာ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။]

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပြည်သူ့လွှတ်တော်**

**ဥပဒေကြမ်းကော်မတီ**

စာအမှတ်၊ ဝ၅/ပသ(ကမတ-ဥပဒေကြမ်း)၁/၂၀၁၇-၃၀၂

ရက်စွဲ ၊ ၂ ၀ ၁ ၇ ခုနှစ်၊ အောက်တိုဘာလ ရက်

သို့

ဥက္ကဋ္ဌ

ပြည်သူ့လွှတ်တော်

အကြောင်းအရာ။ **လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာ တင်ပြခြင်း**

ရည် ညွှန်း ချက် ။ အမျိုးသားလွှတ်တော်၏ ၁၈-၈-၂၀၁၇ ရက်စွဲပါ စာအမှတ်၊ ၁/အမ (ကော်မတီ-၁) ၁/ ၂၀၁၇ - ၄၄၄

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးက ပေးပို့လာသော လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၌ ၂၅-၇-၂၀၁၇ ရက်နေ့တွင် စတင်တင်သွင်းခဲ့ပြီး ၁၈-၈-၂၀၁၇ ရက်နေ့ အမျိုးသားလွှတ်တော် အစည်းအဝေး၌ ပြင်ဆင်ချက်များဖြင့် အတည်ပြုခဲ့ပြီး ပြည်သူ့လွှတ်တော်တွင် ဆွေးနွေးနိုင်ရန် အထက်ရည်ညွှန်းပါစာဖြင့် ပေးပို့လာပါသည်။

၂။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် ၂၀၁၂ ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေ အမှတ်(၁၁)ဖြင့် ပြဋ္ဌာန်းခဲ့သော လယ်ယာမြေဥပဒေ၏ အားနည်းချက်များအပေါ် သုံးသပ်၍ လယ်ယာမြေဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို ပြင်ဆင်ရေးဆွဲထားခြင်းဖြစ်ကြောင်း စိစစ်လေ့လာတွေ့ရှိရပါသည် ။

၃။ ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီသည် ၁၃-၁၀-၂၀၁၇ ရက်နှင့် ၁၆-၁၀-၂၀၁၇ ရက်တို့တွင် ပြည်သူ့လွှတ်တော် တောင်သူလယ်သမားနှင့် အလုပ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကျေးလက်လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့်အတူ ညှိနှိုင်းအစည်းအဝေးများ ကျင်းပခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ပြည်သူ့ လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၅၉ အရ အခြေခံရမည့်မူ ၁၂ ချက်နှင့်အညီ အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များကို စိစစ်လေ့လာခဲ့ရာ တွေ့ရှိချက်များနှင့် ပြင်ဆင်ရန် တင်ပြချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

မူကြမ်း

(က) အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းတွင် အပိုဒ်ပေါင်း (၁၆) ပိုဒ် ပါရှိပါသည်။

(ခ) အမျိုးသားလွှတ်တော်၏ အတည်ပြုချက်များအနက် အချက်(၂၈)ချက်ကို သဘောတူ လက်ခံပါသည်။

(ဂ) အပိုဒ် ၂ နှင့် အပိုဒ် ၃ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂။ လယ်ယာမြေဥပဒေ ပုဒ်မ ၃ တွင် ပုဒ်မခွဲ(က)၌ပါရှိသော နှစ်ရှည်ပင် စိုက်ပျိုးသောမြေဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၃။ လယ်ယာမြေဥပဒေတွင် ပါရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဆိုသည့်စကားရပ်ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၊ နေပြည်တော် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဆိုသည့်စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

(ဃ) အမျိုးသားလွှတ်တော်၏ အသစ်ဖြည့်စွက်ချက် အပိုဒ် ၂ အပိုဒ်ခွဲ(ခ)ကို အပိုဒ် ၄ အပိုဒ်ခွဲ(ခ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲတွင် ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)ရှိ နစ်မြုပ်လေ့ရှိပြီးဆိုသည့် စကားရပ်ကို နစ်မြုပ်တတ်ပြီးဟု ပြင်ဆင်ပါသည်။

(င) အပိုဒ် ၂ အပိုဒ်ခွဲ(ဂ)ကို အပိုဒ် ၄ အပိုဒ်ခွဲ(ဂ)အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဂ) ပုဒ်မခွဲ(င)ကို ပုဒ်မခွဲ(ဆ)အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်-

(ဆ)တောင်သူလယ်သမားဆိုသည်မှာ အောက်ဖော်ပြပါ တစ်ရပ်ရပ်နှင့် ကိုက်ညီသူကိုဆိုသည်-

(၁) မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ခြင်းကိုဖြစ်စေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို တွဲဖက်၍ လုပ်ကိုင်ခြင်းကို ဖြစ်စေ အဓိက အသက်မွေးဝမ်းကျောင်းအဖြစ် ကိုယ်တိုင်လုပ်ကိုင် သူ။

(၂) ဆိုင်ရာနှစ်တွင် မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ခြင်း ကိုဖြစ်စေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းကိုတွဲဖက်၍ လုပ်ကိုင်ခြင်းကိုဖြစ်စေ အဓိကအသက်မွေးဝမ်း ကျောင်းအဖြစ် လုပ်ငန်းလုပ်ကိုင်ချိန် တစ်လျှောက်လုံး ကိုယ်တိုင်ကြီးကြပ် လုပ်ကိုင် သူ၊

(၃) မြေကိုအသုံးပြု၍ ရာသီသီးနှံ၊ ဥယျာဉ်ခြံသီးနှံ စိုက်ပျိုးထုတ်လုပ်ရန် သို့မဟုတ် စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းကိုတွဲဖက်၍ လုပ်ကိုင် ရန်အလို့ငှာ အရင်းအနှီးမတည်စိုက်ထုတ်၍ လုပ်ငန်းလုပ်ကိုင်ချိန်

တစ်လျှောက်လုံး ကိုယ်တိုင်လုပ်ကိုင်သူ သို့မဟုတ် ကြီးကြပ်စီမံလုပ်ကိုင်သူ၊

(၄) မြေကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ခြင်း သို့မဟုတ် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို တွဲဖက်၍ လုပ်ကိုင်ခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူ၊

(၅) စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်ခြင်းကိုဖြစ်စေ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းကို တွဲဖက်၍ လုပ်ကိုင်ခြင်းကိုဖြစ်စေ ယင်းတို့နှင့် ဆက်နွယ်လျှက်ရှိသော ထုတ်လုပ်မှုလုပ်ငန်းအလို့ငှာ မြေကိုအသုံးပြု၍ ပျိုးပင်၊ မျိုးစေ့၊ မျိုးနှင့် သားပေါက်များ ကိုယ်တိုင်ထုတ်လုပ်ရောင်းချသူ၊

(စ) အပိုဒ် ၂ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၄ အပိုဒ်ခွဲ(ဃ)အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ခွဲကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(ဃ) ပုဒ်မခွဲ(ည)ကို ပုဒ်မခွဲ(ဋ)အဖြစ် အောက်ပါအတိုင်း အစားထိုးရမည်-

(ဋ) တောင်သူလယ်သမား အဖွဲ့အစည်းဆိုသည်မှာ တောင်သူလယ်သမား အခွင့်အရေးနှင့် အကျိုးစီးပွားများအတွက် ကိုယ်စားပြု ကာကွယ်ဆောင်ရွက်နိုင်ရန် ထုတ်ပြန်ထားသော ဥပဒေတစ်ရပ်ရပ်နှင့်အညီ တောင်သူလယ်သမားများဖြင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းကို ဆိုသည်။

(ဆ) အပိုဒ် ၄ ကို အပိုဒ် ၆ အဖြစ်ပြင်ဆင်ပြီး ပုဒ်မ ၉ ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်း ပြင်ဆင်ပါသည်-

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(ဇ) အပိုဒ် ၆ ကို အပိုဒ် ၈ အဖြစ်ပြင်ဆင်ပြီး ပုဒ်မ ၁၁ ရှိ အုပ်ချုပ်မှုနယ်မြေအပေါ် အခြေခံရမည်ဆိုသည့် စကားရပ်ကို အုပ်ချုပ်မှုနယ်မြေအပေါ် အခြေခံရမည့်မှုကို ထည့်သွင်းရမည်ဟု ပြင်ဆင်ပါသည်။

(ဈ) အပိုဒ် ၇ အပိုဒ်ခွဲ(ဃ)ကို အပိုဒ် ၉ အပိုဒ်ခွဲ(ဃ)အဖြစ် ပြင်ဆင်ပြီး ပုဒ်မ ၁၂ ပုဒ်မခွဲ (ဈ)ရှိ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြရမည်ဆိုသည့် စကားရပ်ကို မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့သို့တင်ပြ၍ ခွင့်ပြုချက်ရယူရမည်ဟု ပြင်ဆင်ပါသည်။

(ည) အပိုဒ် ၈ ကို အပိုဒ် ၁၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို အဆိုပြုပြဋ္ဌာန်းချက် အတိုင်း ထားရှိပါသည်။

(ဋ) အပိုဒ် ၉ ကို အပိုဒ် ၁၁ အဖြစ် ပြင်ဆင်ပြီး ပြင်ဆင်ထားသည့် ပုဒ်မ ၁၄ ရှိ နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်မရရှိဘဲဆိုသည့်စကားရပ်ကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲဟု ပြင်ဆင်ပါသည်။

(ဌ) အသစ်ဖြည့်စွက်ချက် အပိုဒ် ၁၂ ကို အပိုဒ် ၁၄ အဖြစ် အောက်ပါအတိုင်း ပြင်ဆင် ပါသည်-

၁၄။ လယ်ယာမြေဥပဒေ ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ခ)၏ နောက်တွင် ပုဒ်မခွဲ(ဂ)ကို ဖြည့်စွက် ရမည်-

(ဂ) မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့နှင့် ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များ ဖွဲ့စည်းရာတွင် သုံးဦးထက် မပိုသော ဒေသခံတောင်သူလယ်သမားကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်း ရမည်။

(ဍ) အပိုဒ် ၁၃ ကို အပိုဒ် ၁၅ အဖြစ် ပြင်ဆင်ပြီး ပုဒ်မ ၁၇ ပုဒ်မခွဲ(ဇ)ကို မူလဥပဒေ ပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

( ဎ) အပိုဒ် ၁၃ ကို အပိုဒ် ၁၅ အဖြစ် ပြင်ဆင်ပြီး ပုဒ်မ ၁၇ ပုဒ်မခွဲ(ည)ကို မူလဥပဒေ ပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(ဏ) အပိုဒ် ၁၈ ကို အပိုဒ် ၂၀ အဖြစ် ပြင်ဆင်ပြီး ယင်းအပိုဒ်ကို မူလဥပဒေ ပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

(တ) အပိုဒ် ၂၁ အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်ပါသည်-

၂၁။ လယ်ယာမြေဥပဒေပုဒ်မ ၂၅ ၏ နောက်၌ ပုဒ်မ ၂၅-က အဖြစ် အောက်ပါ အတိုင်း ဖြည့်စွက်ရမည်-

၂၅-က။ လယ်ယာမြေ လုပ်ပိုင်ခွင့် အငြင်းပွားမှုများနှင့်စပ်လျဉ်း၍ လယ် ယာမြေ စီမံခန့်ခွဲမှု အဖွဲ့အဆင့်ဆင့်က ချမှတ်သည့်အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ခုနစ်ရက်အတွင်း အငြင်းပွားသူများ လက်ဝယ်သို့ ပေးအပ်ရမည်

(ထ) အပိုဒ် ၂၀ ကို အပိုဒ် ၂၃ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ကို အဆိုပြုပြဋ္ဌာန်းချက် အတိုင်း ထားရှိပါသည်။

( ဒ) အပိုဒ် ၂၁ ကို အပိုဒ် ၂၄ အဖြစ်ပြင်ဆင်ပြီး ယင်းအပိုဒ်ကို မူလဥပဒေ ပြဋ္ဌာန်းချက်အတိုင်း ထားရှိပါသည်။

မူကြမ်း

၄။ သို့ဖြစ်ပါ၍ လယ်ယာမြေဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု ပေးနိုင်ပါရန် ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၁ အရစိစစ်ခဲ့ပြီး နည်းဥပဒေ ၆၃ နှင့်အညီ လွှတ်တော်သို့ အစီရင်ခံတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လယ်ယာမြေဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်းပြီး ပြင်ဆင်ချက်အဆို တင်သွင်းဆွေးနွေးလိုသူများသည် ပြင်ဆင်လိုတဲ့ ဥပဒေကြမ်းရဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၃၁-၁၀-၂၀၁၇ ရက် (အင်္ဂါနေ့)ညနေ ၄ နာရီနောက်ဆုံးထားပြီး ပြည်သူ့လွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး သတ္တမရက်မြောက်နေ့ ဆက်လက်ကျင်းပမည့်နေ့ရက်နှင့် အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက် (တနင်္လာနေ့) နံနက် ၁၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်းနှင့် ယနေ့အစည်းအဝေး ပြီးဆုံးကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၁၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံးထွက်ခွာနိုင်ပါပြီခင်ဗျား။

[ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၁း၁၅ နာရီ အချိန် တွင်ရပ်နားပါသည်။]

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့
## (၂၇.၁၀.၂၀၁၇) ရက်နေ့တွင် မေးမြန်းဖြေကြားခဲ့သည့်
## ပုဂ္ဂိုလ်များ



ဦးမျိုးဇော်အောင်
(ကောလင်း မဲဆန္ဒနယ်)



ဦးခင်ချို
(လှိုင်းဘွဲ့ မဲဆန္ဒနယ်)



ဒေါ်ခင်စန္ဒီ
(လောင်းလုံး မဲဆန္ဒနယ်)



ဦးသိန်းတန်
(လှည်းကူး မဲဆန္ဒနယ်)



ဒေါက်တာ မင်းသိန်း
(ရေဦး မဲဆန္ဒနယ်)



ဦးလမာနော်အောင်
(အင်ဂျန်းယန် မဲဆန္ဒနယ်)



ဦးဘိုဘိုငယ်
( မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုဥက္ကဋ္ဌ)



ဦးလှကျော်
( စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဒုဝန်ကြီး)

# ပြည်သူ့လွှတ်တော်

ပြည်သူ့အသံ လွှတ်တော်အသံ

ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ

ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်